ကြေးမုံ

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် (အင်္ဂါနေ့)

၂၀၂၂ ခုနှစ်၊ (၇၄) နှစ်မြောက်

# လွတ်လပ်ရေးနေ့

အထူးထုတ်



# (၇၄)နှစ်မြောက်


## လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုပါ၏။

## ဘိုးဘွားအမွေအနှစ် လွတ်လပ်ရေးနှင့် လက်ဆင့်ကမ်းတာဝန်

ဆောင်းပါး စာမျက်နှာ ၆

# ဘိုးဘွားအမွေအနှစ် လွတ်လပ်ရေးနှင့် လက်ဆင့်ကမ်းတာဝန်

သိန်းထွန်း (IR)



၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက် နံနက်က တိုင်းပြည်ပြုလွှတ်တော်၌ မြန်မာနိုင်ငံတော်အလံ လွှင့်တင်သည့် အခမ်းအနား ကျင်းပစဉ်။

**နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးနေ့ ကျင်းပရခြင်းမှာ လွတ်လပ်ရေးနေ့သမိုင်းအား နောင်လာနောက်သားများ နားလည်သိရှိစေရန်၊ လွတ်လပ်ရေး၏ အနှစ်သာရကို တန်ဖိုးထားတတ်စေရန်နှင့် လွတ်လပ်ရေးကို လက်ဆင့်ကမ်း တာဝန်ယူနိုင်ရန် ရည်ရွယ်ကျင်းပလေ့ရှိကြပါသည်။**

**လွတ်လပ်ရေး မတိုင်မီကပင် ပေါက်ဖွားလာသော နိုင်ငံရေးစိတ်ဝမ်းကွဲမှုနှင့် လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာသော အချင်းချင်းတိုက်ခိုက်မှုများ မည်သည့်အချိန်မှ အတောသတ်မည်မသိ။ ယင်းအကြောင်းတရားများကို ဖြေရှင်းနိုင်မှသာ လွတ်လပ်သော နိုင်ငံ၊ လွတ်လပ်သော နိုင်ငံသားများခံစားခွင့်ကို အပြည့်အဝရရှိခံစားနိုင်မည်**

### ၇၄ နှစ်တိုင်ခဲ့လေပြီ

မြန်မာ့လွတ်လပ်ရေးရရှိခဲ့သည့် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ရောက်တိုင်း လွတ်လပ်ရေးနေ့ ကျင်းပလာခဲ့သည်မှာ ယနေ့ဆိုလျှင် နှစ်ပေါင်း ၇၄ နှစ်ရှိချေပြီ။ နိုင်ငံအတွက် အရေးပါလှသော လွတ်လပ်ရေးအောင်ပွဲနေ့ကို မျက်မြင်ကိုယ်တွေ့ ကြုံခဲ့၊ မီခဲ့သူမှာ ယခုဆိုလျှင် လွန်စွာနည်းပါးနေပြီဖြစ်သည်။ ယနေ့အသက် ၇၄ နှစ်ရှိသူသည်ပင်လျှင် လွတ်လပ်ရေးရစဉ်က မွေးသူဖြစ်သော်လည်း လွတ်လပ်ရေးကို သိရှိနားလည်နိုင်သည့် အရွယ် မဟုတ်သေးချေ။ အသက် ၈၀ ကျော် အရွယ်သည်ပင် လွတ်လပ်ရေးရစဉ်က ၆ နှစ်အရွယ်ဖြစ်သဖြင့် ကောင်းကောင်း မှတ်မိနိုင်သည့် အရွယ်မဟုတ်သေး။

သို့ဖြစ်ရာ လွတ်လပ်ရေးရသည့်နေ့ကို ကိုယ်တွေ့ တွေ့လိုက်၊ မီလိုက်၊ ကြုံလိုက်ရသည့် ဘိုးဘွားများပင် သက်တမ်းအားဖြင့် ၈၀ ကျော်များ ဖြစ်နေမည်ဖြစ်ရာ လွတ်လပ်ရေးကြိုးပမ်းမှုကို ကိုယ်တွေ့ ကြုံခဲ့ရ၊ ပါဝင်ခဲ့ရသည့် ဘိုးဘွားများဆိုလျှင် အသက်အရွယ်အားဖြင့် ပို၍ကြီးနေတော့မည်ဖြစ်သည်။ ထိုဘိုးဘွားတို့၏ လွတ်လပ်ရေးရရှိသည့် အတွေ့အကြုံ ခံစားချက်တို့ကို သိခွင့်ရမည်ဆိုပါက သိလိုလှသည်။ သို့မှလည်း နောင်မျိုးဆက်များကို လက်ဆင့်ကမ်းနိုင်မည်ဖြစ်သည်။

### သူ့ကျွန်ဘဝအတွေ့အကြုံ

ဂျပန်ခေတ်အတွေ့အကြုံဆို၍ မိမိကိုယ်တိုင်ကြုံတွေ့ခဲ့ရသည်တော့ မဟုတ်ပါ။ မိမိတို့အဖေ၊ အမေနှင့် အဘိုး၊ အဘွားတို့သည် ဂျပန်ခေတ်ကို ကောင်းကောင်း မီလိုက်သူများဖြစ်သည်။ မိမိအနေဖြင့် အဘိုးကိုမမီလိုက်သော်လည်း အဖေ၊ အမေနှင့် အဘွားတို့က ဂျပန်ခေတ်အတွင်း နေထိုင်ခဲ့ရသောဘဝများ၊ ဗုံးဒဏ်၊ စစ်ဘေးဒဏ်ကြောင့် ဇာတိရပ်ရွာမှ ထွက်ပြေးတိမ်းရှောင်မှုများကို တစ်ခါတစ်ရံပြောပြသည့်အခါ ဂျပန်ခေတ်အတွင်း မြန်မာလူထု၏ ဆင်းရဲဒုက္ခများကို နားထောင်ခဲ့ရပါသည်။ အဘိုး၊ အဘွားတို့သည် အညာဒေသ ဇာတိရွာတွင် ဂျပန်များဝင်သဖြင့် ထွက်ပြေးတိမ်းရှောင်ရင်း ရှမ်းပြည်တွင် နေထိုင်ခဲ့ရကြောင်း ပြောပြသည်။ ရှမ်းပြည်ဆိုသော်လည်း တစ်နေရာတည်းတွင် အခြေတကျမနေထိုင်နိုင်။ တစ်နေရာမှတစ်နေရာသို့ စစ်ဘေးကင်းရာသို့ ရှောင်တိမ်းနေခဲ့ကြရသည်။



၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်က ရန်ကုန်မြို့ အလုံလမ်းရှိ ဗြိတိသျှဘုရင်ခံအိမ်တော်(အစိုးရအိမ်တော်)တွင် ယူနီယံဂျက်အလံကို မြေသို့ချပြီး မြန်မာနိုင်ငံတော်အလံကို လွှင့်တင်စဉ်။

နေရာအတည်တကျ မရှိသဖြင့် သားသမီးများမှာလည်း အညာဒေသတွင် မွေးသူ၊ ရှမ်းပြည်အတွင်း မွေးသူများဖြင့် မွေးရပ်ဇာတိမတူကြချေ။ မေမေ့အစ်မကြီးဆိုလျှင် ရှမ်းစကားပင် ပြောတတ်သည်။ အဘိုး၊ အဘွားတို့မှာ စစ်ဘေးကင်းရာသို့ ပြေးနေကြရသဖြင့် သားသမီးများ ပညာရေးကို ကောင်းကောင်းဂရုမစိုက်နိုင်ခဲ့ကြ။ စစ်ဘေးကြောင့် မူလတန်းအထိသာ ကျောင်းနေခဲ့ကြရကြောင်း မေမေက ပြောရှာသည်။ စစ်အတွင်းဆိုတော့ မေမေတို့က သေစာရှင်စာပဲ သင်ခဲ့ကြရတာကွယ့်ဟု ပြောသည့်အခါ များစွာစိတ်မကောင်းဖြစ်ရသည်။ သူတစ်ပါး၏ အုပ်ချုပ်မှုအောက်၊ စစ်ဘေးဒဏ်များ အောက်တွင် ပညာကိုလည်း မရှာနိုင်၊ စီးပွားရေးကိုလည်း ဂရုမစိုက်နိုင်ခဲ့ကြသော ခက်ခဲကြမ်းတမ်းသည့်ဘဝများတွင် ကျင်လည်ခဲ့ရသဖြင့် ယင်းအချိန်က လွတ်လပ်ရေးကို တမ်းတမိကြောင်း မေမေက ပြောပြပါသည်။

အထူးထုတ် [ ၈ ] သို့ »»

»»» အထူးထုတ် [ ခ ] မှ

အဘွားနှင့် ဖေဖေ၊ မေမေတို့သည် ဂျပန်ခေတ်၊ အင်္ဂလိပ်ခေတ်တို့ကို ဖြတ်သန်းခဲ့ပြီးနောက် လွတ်လပ်ရေးရသည့်အချိန်တွင် တစ်နိုင်ငံလုံး အလွန်ပျော်ရွှင်ကြရကြောင်း ပြောပြသည့်အခါ စဉ်းစားကြည့်မိသည်။ ယင်းအချိန်က ပြည်သူလူထု ဘယ်လောက်ပျော်ရွှင်နေကြမည်ဆိုသည်ကို မှန်းဆကြည့်မိသည်။ လူလူချင်း ဖိနှိပ်အုပ်ချုပ်မှု၊ အဆင့်အတန်းခွဲခြားမှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ စစ်ဘေးဒဏ်တို့မှလွတ်ကင်း၍ အပျော်ကြီးပျော်နေကြပေလိမ့်မည်။ လွတ်လပ်မှုအရသာ၊ လွတ်လပ်မှုအခွင့်အရေးကို ကိုယ်တိုင်ကိုယ်ကျတွေ့ကြုံခံစားခဲ့ရသည့် အတွေ့အကြုံပင်ဖြစ်သည်။

**လွတ်လပ်ရေးရပြီးချိန်**

မြန်မာတစ်နိုင်ငံလုံးက မျှော်လင့်စောင့်စားခဲ့ရသည့် လွတ်လပ်ရေးပေးရန် ဗြိတိသျှလွှတ်တော်၌ တင်ပြခဲ့သော မြန်မာ့လွတ်လပ်ရေးအက်ဥပဒေ Burma Independence Act 1947 အရ ၁၉၄၇ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ဗြိတိသျှဘုရင်၏ အတည်ပြုချက်ကို ရရှိခဲ့သည်။ ခရစ်နှစ် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်၊ မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ် ပြာသိုလဆုတ် ၉ ရက်၊ တနင်္ဂနွေနေ့တွင် ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးကိုရရှိခဲ့ပြီး မြန်မာနိုင်ငံသည် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင်သမ္မတနိုင်ငံတော် ဖြစ်လာခဲ့ပါသည်။ မြန်မာနိုင်ငံအောက်ပိုင်းကို နှစ်ပေါင်း ၁၀၀ ကျော်၊ မြန်မာနိုင်ငံအထက်ပိုင်းကို နှစ်ပေါင်း ၆၀ ကျော် နယ်ချဲ့တို့၏ တိုက်ရိုက်အုပ်ချုပ်မှု ခံခဲ့ကြရပြီးနောက် သွေးချွေးပေးဆပ်မှုအမျိုးမျိုးဖြင့် ကြိုးပမ်းမှုရလဒ်သည် ယနေ့ကျင်းပနေကြသည့် လွတ်လပ်ရေးပင် ဖြစ်ပါသည်။

သို့သော် နယ်ချဲ့တို့၏ လက်အောက်မှ လွတ်လပ်ရေးရခဲ့သော မြန်မာနိုင်ငံသည်



၁၉၄၇ ခုနှစ် ဇွန် ၉ ရက်က ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံတွင် ပြုလုပ်သော လူထုအစည်းအဝေးအပြီး ဦးအောင်ဆန်းနှင့်အဖွဲ့ တိုင်းပြုပြည်ပြုလွှတ်တော်သို့ တက်ရောက်စဉ်။

လွတ်လပ်ရေးမရမီကပင် နိုင်ငံရေးအကွဲအပြဲများ အခြေတည်နေပြီဖြစ်သည်။ လွတ်လပ်ရေးကြိုးပမ်းမှုတွင် အရေးပါခဲ့သည့် ဂျီစီဘီအေ အသင်းကြီးပင်လျှင် အစိတ်စိတ်အမြွှာမြွှာ ကွဲခဲ့လေသည်။ လွတ်လပ်ရေးကြေညာပြီး၍ မကြာမီကာလမှာပင် ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း တည်ဆောက်ခဲ့သော အမျိုးသားညီညွတ်ရေးသည် ပြိုကွဲစပြုလာသည်။ ဖဆပလ အဖွဲ့ချုပ်အတွင်း၌ လက်ဝဲ၊ လက်ယာ နိုင်ငံရေးအုပ်စုများ စိတ်သဘောကွဲပြား၍ ၁၉၄၈ ခုနှစ် မတ်လတွင် ကွန်မြူနစ်ပါတီသည် လက်နက်ကိုင်၍ တောခိုသွားခဲ့သည်။ ပြည်သူ့ရဲဘော်ပါတီဝင် အချို့လည်း တောခိုကြပြန်သည်။ ယင်းနောက် ကရင်အမျိုးသားများကလည်း ကေအင်ဒီအိုခေါ် ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းကာ ၁၉၄၈ ခုနှစ်အတွင်းမှာပင် သီးခြားကရင်ပြည်နယ် တောင်းဆို၍ တိုက်ခိုက်ကြပြန်သည်။ ရန်ကုန်အစိုးရဟုခေါ်ရလောက်အောင်ပင် တိုင်းပြည်မှာ ပြည်တွင်းစစ်ဘေးအတွင်း ကျရောက်ခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးသည်ဆိုသော်လည်း နိုင်ငံ့အခြေအနေမှာ နိုင်ငံရေးအရောင်အသွေးမျိုးစုံဖြင့် စိတ်ဝမ်းကွဲနေခဲ့ကြသည်။ ယင်းစိတ်ဝမ်းကွဲမှုကြောင့်ဖြစ်လာသော အချင်းချင်းတိုက်ခိုက်မှုများကြောင့် ရရှိထားသော လွတ်လပ်ရေးမှာ ပြည်တွင်းစစ်အောက်ရောက်ခဲ့ရသည်။ ယင်းသို့ အချင်းချင်းတိုက်ခိုက်မှုများသည် ကမ္ဘာတွင် သက်တမ်းအရှည်ကြာဆုံး ပြည်တွင်းစစ်တစ်ခုဖြစ်ခဲ့ပါသည်။ ယနေ့ထက်တိုင်လည်း ထိုနိုင်ငံရေးစိတ်ဝမ်းကွဲမှုများကို အဆုံးမသတ်နိုင်သေးချေ။ လွတ်လပ်ရေးမတိုင်မီကပင် ပေါက်ပွားလာသော နိုင်ငံရေးစိတ်ဝမ်းကွဲမှုနှင့် လွတ်လပ်ရေးနှင့်အတူ ပေါက်ပွားလာသော အချင်းချင်းတိုက်ခိုက်မှုများ မည်သည့်အချိန်မှ အတောသတ်မည်မသိ။ ယင်းအကြောင်းတရားများကို ဖြေရှင်းနိုင်မှသာ လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သော နိုင်ငံသားများ ခံစားခွင့်ကို အပြည့်အဝရရှိခံစားနိုင်မည်ဖြစ်သည်။

**အမှားသံသရာလည်**

အထက်တွင်ဆိုခဲ့သကဲ့သို့ မြန်မာနိုင်ငံ၏လွတ်လပ်ရေးဆိုသည်မှာ လွယ်လွယ်ကူကူရခဲ့သည် မဟုတ်ချေ။ နယ်ချဲ့အားတော်လှန်တိုက်ခိုက်၍ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် လွတ်လပ်ရေးကို အရယူနိုင်ခဲ့ပါလျက် မိမိတို့အချင်းချင်း အယူအဆမတူကြ၊ သဘောထားမတိုက်ဆိုင်ကြ၊ အပြန်အလှန်တိုက်ခိုက်နေကြသည်မှာပင် နှစ်ပေါင်း ၇၄ နှစ်ကြာခဲ့ပါပြီ။ အတိတ်၏အမှားများကို သင်ခန်းစာယူနိုင်ပါလျက် အမှားပေါ်အမှားဆင့် အမှားသံသရာလည်နေသည်မှာ နိုင်ငံနှင့်ပြည်သူလူထုအတွက် များစွာဆုံးရှုံးနစ်နာလှပါသည်။

ယနေ့ဆိုလျှင် နိုင်ငံရေးပဋိပက္ခများဖြေရှင်း၍ ဖက်ဒရယ်နှင့် ဒီမိုကရေစီတည်ဆောက်ရေးအတွက် အသွင်ကူးပြောင်းဆဲကာလတွင် ရှိနေပါသည်။ ကာလရှည်ကြာတည်ရှိနေဆဲ ပဋိပက္ခများ၊ အချင်းချင်းတိုက်ခိုက်မှုများ၊ အယူအဆကွဲပြားမှုများ ဖြေရှင်းနိုင်မှသာ ဒီမိုကရေစီနှင့် ဖက်ဒရယ်ခရီးကို ဆက်လက်လျှောက်လှမ်းနိုင်မည်ဖြစ်ပါသည်။ သို့မှမဟုတ်ဘဲ ခေတ်အဆက်ဆက် အမှားများကို ထပ်ကာထပ်ကာ မှားနေမည်ဆိုပါက လွတ်လပ်သော်လည်း မငြိမ်းချမ်းသော၊ မအေးချမ်းသော အခြေအနေဖြစ်နေဦးမည်ဖြစ်ပါသည်။

**အမြစ်စွဲနေသည့် ပဋိပက္ခများဖြေရှင်းရေး**

ပြည်တွင်းပဋိပက္ခဆိုသည်မှာ နိုင်ငံတိုင်းလိုလိုတွင် ရှိတတ်ကြပါသည်။ မည်သည့် လူ့အဖွဲ့အစည်းတွင်မဆို ပဋိပက္ခများရှိခြင်းမှာ ဖြစ်လေ့ဖြစ်ထရှိသည့် အစိတ်အပိုင်းတစ်ခုဖြစ်သော်လည်း ပဋိပက္ခများကို မည်ကဲ့သို့ကာကွယ်မည်နှင့် ပဋိပက္ခများ စီမံခန့်ခွဲရာတွင် ငြိမ်းချမ်းစွာဖြင့် ဖြေရှင်းနိုင်မည့် နည်းလမ်းများ ရှာဖွေခြင်းမှာ ပို၍အရေးကြီးပါသည်။ ဖြစ်ပွားသည့် ပဋိပက္ခများ တစ်ခုနှင့်တစ်ခု

အထူးထုတ် [ ဃ ] သို့ »»»



ပထမအကြိမ် လွတ်လပ်ရေးနေ့ အခမ်းအနားအပြီးတွင် မြန်မာအစိုးရအဖွဲ့သစ် ကတိသစ္စာခံယူပွဲပြုလုပ်စဉ်။

**ယနေ့ဆိုလျှင် နိုင်ငံရေးပဋိပက္ခများ ဖြေရှင်း၍ ဖက်ဒရယ်နှင့် ဒီမိုကရေစီတည်ဆောက်ရေးအတွက် အသွင်ကူးပြောင်းဆဲ ကာလတွင်ရှိနေ**

**ကာလရှည်ကြာ တည်ရှိနေဆဲ ပဋိပက္ခများ၊ အချင်းချင်း တိုက်ခိုက်မှုများ၊ အယူအဆ ကွဲပြားမှုများ ဖြေရှင်းနိုင်မှသာ ဒီမိုကရေစီနှင့် ဖက်ဒရယ်ခရီးကို ဆက်လက်လျှောက်လှမ်းနိုင်မည်**

»»» အထူးထုတ် [ ဂ ] မှ

မတူညီတတ်ကြသဖြင့် ပဋိပက္ခများတွင် ပါဝင်ပတ်သက်နေသူများ၏ ပဋိပက္ခအပေါ် ရှုမြင်မှု၊ ချဉ်းကပ်မှုနှင့် ငြိမ်းချမ်းစွာဖြေရှင်းရန် နည်းလမ်းများ ရွေးချယ်မှုသည် နိုင်ငံပြန်လည်တည်ဆောက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်တည်ဆောက်ရေးကို အထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံကဲ့သို့ တိုင်းရင်းသားလူမျိုးစုများပြားပြီး ကာလရှည်ကြာ နက်နက်ရှိုင်းရှိုင်း ပဋိပက္ခများအမြစ်စွဲနေသည့် နိုင်ငံတွင် တည်ရှိဆဲပြဿနာများကို ငြိမ်းချမ်းစွာ စီမံခန့်ခွဲရန်လိုအပ်ကြောင်း လက်ခံရန် ဦးစွာလိုအပ်မည် ဖြစ်ပါသည်။ ထိုသို့ဖြေရှင်းရာတွင် ဒီမိုကရက်တစ်နည်းလမ်းများသည် ပြဿနာဖြေရှင်းရေး အကောင်အထည်ဖော်ရာတွင် အခြေခံလိုအပ်ချက်ဖြစ်ပါသည်။ ဒီမိုကရက်တစ်နည်းလမ်းများမှတစ်ဆင့် ပဋိပက္ခတွင် ဆက်စပ်ပါဝင်နေသူများအကြား ငြိမ်းချမ်းစွာဖြင့် အပေးအယူ၊ ပူးပေါင်းဆောင်ရွက်မှုနှင့် အများသဘောတူညီမှုများဖြင့် ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ လွတ်လပ်ရေးရရှိသော်လည်း ပဋိပက္ခများနှင့် ယနေ့ထက်တိုင် ရင်ဆိုင်နေရဆဲ မြန်မာနိုင်ငံတွင် လွတ်လပ်ရေးထိန်းသိမ်းရေး၊ ငြိမ်းချမ်းရေး၊ နိုင်ငံတည်ဆောက်ရေးနှင့် မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းလွှဲပြောင်းရေးတို့အတွက် ငြိမ်းချမ်းစွာ ပဋိပက္ခစီမံခန့်ခွဲမှုများ အထူးလိုအပ်နေပါသည်။

### လွတ်လပ်ရေးအစွန့်ရှည်ဖို့

ယနေ့မိမိတို့ ရရှိထားသော လွတ်လပ်ရေးသည် ဘိုးဘွားအမွေအနှစ်ဖြစ်ပါသည်။ ဘိုးဘွားများ ကြိုးပမ်းအားထုတ်မှု၊ ပေးဆပ်မှုတို့ဖြင့် ရယူထားခြင်းဖြစ်ရာ မိမိတို့ပိုင်ဆိုင်သကဲ့သို့ နောင်မျိုးဆက်သစ်များလည်း ပိုင်ဆိုင်ခွင့်၊ ခံစားပိုင်ခွင့်ရှိကြပါသည်။ မိမိတို့တည်ရှိဆဲကာလတွင် လွတ်လပ်ရေး အစွန့်ရှည်ရေးအတွက် သာမက ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး၊ နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရမည့်တာဝန်ရှိကြပါသည်။ မျိုးဆက်အဆင့်ဆင့် လက်ဆင့်ကမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့်သာ မြန်မာနိုင်ငံတော်ကြီးသည် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ရပ်တည်နိုင်မည်ဖြစ်ကြောင်း ရေးသားတိုက်တွန်းလိုက်ရပါသည်။

*ကိုးကား*

*၁။ ပြည်တွင်းသောင်းကျန်းမှုသမိုင်း*

*၂။ IDEA, Democracy and Deep-Rooted Conflict: Options for Negotiators*

- **မြန်မာနိုင်ငံကဲ့သို့ တိုင်းရင်းသားလူမျိုးစုများပြားပြီး ကာလရှည်ကြာ နက်နက်ရှိုင်းရှိုင်း ပဋိပက္ခများအမြစ်စွဲနေသည့် နိုင်ငံတွင် တည်ရှိဆဲပြဿနာများကို ငြိမ်းချမ်းစွာ စီမံခန့်ခွဲရန် လိုအပ်ကြောင်း လက်ခံရန် ဦးစွာလိုအပ်မည်၊ ထိုသို့ ဖြေရှင်းရာတွင် ဒီမိုကရက်တစ်နည်းလမ်းများသည် ပြဿနာဖြေရှင်းရေး အကောင်အထည်ဖော်ရာတွင် အခြေခံလိုအပ်ချက်ဖြစ်**
- **ဒီမိုကရက်တစ်နည်းလမ်းများမှတစ်ဆင့် ပဋိပက္ခတွင် ဆက်စပ်ပါဝင်နေသူများအကြား ငြိမ်းချမ်းစွာဖြင့် အပေးအယူ၊ ပူးပေါင်းဆောင်ရွက်မှုနှင့် အများသဘောတူညီမှုများဖြင့် ဖြေရှင်းနိုင်မည်၊ လွတ်လပ်ရေးရရှိသော်လည်း ပဋိပက္ခများနှင့် ယနေ့ထက်တိုင် ရင်ဆိုင်နေရဆဲ မြန်မာနိုင်ငံတွင် လွတ်လပ်ရေးထိန်းသိမ်းရေး၊ ငြိမ်းချမ်းရေး၊ နိုင်ငံတည်ဆောက်ရေးနှင့် မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းလွှဲပြောင်းရေးတို့အတွက် ငြိမ်းချမ်းစွာ ပဋိပက္ခစီမံခန့်ခွဲမှုများ အထူးလိုအပ်နေ**




## လွတ်လပ်ပန်းမို့ မနွမ်းစေချင်

☆ အဘိုးနဲ့အဘွားတို့
ပျိုးထားလို့ သန်ရှင်
ဖူးပွင့်နွယ် အငုံအကင်းတွေနဲ့
ခူးချင့်ဖွယ် ထုံထုံသင်းပါဘိ
ဝင်းလဲ့စည်ပင်။
တို့ပိုင်တဲ့ မြေပေါ်တွင်
တို့မြင်ရ အလှဆန်း။
ဘိုးဘွားမွေ အထွတ်မြတ်
လွတ်လပ်တဲ့ပန်း။

☆ အဖေနဲ့အမေတို့
ကြိုးစားလို့ အားမာန်ချီ
ဘိုးအမွေ အဖေ့အတွက်
ဘွားအမွေ အမေ့လက်
ဆက်ခံခဲ့သည်။
ရှုမညောင်းပေဘု
ဥဒေါင်းငှက် ကဟန်ချီ
တို့ရွှေပြည် ရှုမဆုံး။
ကမ္ဘာအသိပေပေါ့
မြန်မာ၏အလံ အနီရောင်သန်းပါလို့
ဇာတိမာန် ဂုဏ်ရည်လွှမ်းတဲ့
ပန်းရနံ့ဖုံး။

☆ အဖေ့သမီး အမေ့သား
မြေးမြစ်များ လက်ထက်တွင်။
အလှတွေ နှစ်ဆတိုးစေဖို့
မြန်မာ့မြေ မြန်မာ့အကျိုးအတွက်
နိုးကြားစေချင်။
လွတ်လပ်ရေး ပန်းတစ်ပင်
လန်းရှင်ဖို့ အစဉ်တွေး။
သူ့အလှ ကိုယ်မဖျက်သည်သို့
ကိုယ့်အလှ သူလာဖျက်လျှင်လည်း
အမျက်မာန် ဆယ်ပြန်တင်းပါလို့
အဖျက်ရန် အမြန်ကင်းအောင်
ရှင်းကြစို့လေး။

**မြင်းမူမောင်နိုင်မိုး**

# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်၊ အင်္ဂါနေ့။ Tuesday, 4 January 2022 ၁၀၆၀၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ထာဝရငြိမ်းချမ်းရေးရရှိစေရေးအတွက် စုပေါင်းအင်အားဖြင့် ကြိုးပမ်းဖော်ဆောင်ရယူ၍ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံမှ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားကြရမည်

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံမှ ၂၀၂၂ ခုနှစ်၊ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

**ချစ်ကြည်လေးစားရပါသော တိုင်းရင်းသားပြည်သူအပေါင်းတို့ ခင်ဗျား-**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ်အခါသမယတွင် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်လျက်ရှိကြသော တိုင်းရင်းသားပြည်သူအပေါင်းတို့အား ကျန်းမာရွှင်လန်းပြီး ကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်ဝကြပါစေကြောင်း ချစ်ကြည်လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံအတွင်း နေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဓလေ့ထုံးတမ်းအစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်ပြီး စည်းလုံးညီညွတ်စွာ စုပေါင်းနေထိုင်ကြသည့် သမိုင်းကြောင်းအစဉ်အလာကောင်းများရှိခဲ့သည့်အပြင် ရှေးပဝေသဏီကပင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ကမ္ဘာ့အလယ်တွင် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ဝင့်ထည်စွာ ရပ်တည်ခဲ့ကြပါသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

**ယနေ့** ဖတ်စရာ


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအကြီးအကဲများနှင့် နိုင်ငံခြားရေးဝန်ကြီးများမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့ — စာမျက်နှာ » ၅

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း — စာမျက်နှာ » ၇

ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း — စာမျက်နှာ » ၁၀

အချုပ်အခြာအာဏာပိုင် မြန်မာ — ဆောင်းပါး စာမျက်နှာ » ၁၃




## မဟာဗန္ဓုလပန်းခြံ၌ ရောင်စုံမီးများဖြင့် အလှဆင်ထားပြီး အများပြည်သူ စိတ်အေးချမ်းသာစွာ အနားယူအပန်းဖြေ

**ရန်ကုန် ဇန်နဝါရီ ၃**

ရန်ကုန်အနောက်ပိုင်းခရိုင် ကျောက်တံတားမြို့နယ် မြို့တော်ခန်းမရှေ့ရှိမဟာဗန္ဓုလပန်းခြံကို အများပြည်သူများ စိတ်အေးချမ်းသာစွာ အနားယူအပန်းဖြေနိုင်စေရန်နှင့် ကလေးငယ်များ ပျော်ရွှင်အေးချမ်းစွာ ကစားနိုင်စေရန် ဖွင့်လှစ်ထားသည်။

ပန်းခြံတွင် အများပြည်သူများ စိတ်အေးချမ်းသာစွာ အနားယူအပန်းဖြေနိုင်ရေးအတွက် ဇန်နဝါရီ ၂ ရက်မှစတင်၍ မီးပဒေသာပန်းပင်များ၊ ကြယ်ပုံစံ မီးပဒေသာများ၊ မီးရောင်စုံခြေနင်းမီး အဝိုင်းပြားများ၊ ပန်းခြံအတွင်းရှိ သစ်ပင်များတွင်လည်း ရောင်စုံမီးအလှများ တပ်ဆင်ထားခြင်းဖြင့် အများပြည်သူကြည့်ရှုနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ထားသည်။

ထိုသို့ ဆောင်ရွက်ထားမှုကြောင့် ပန်းခြံအတွင်း မိသားစုအလိုက် စုဖွဲ့၍လည်းကောင်း၊ ကလေးငယ်များကလည်း စုဖွဲ့၍လည်းကောင်း၊ အလှဆင်မီးများနှင့်အတူ ဓာတ်ပုံရိုက်ခြင်း၊ ရောင်စုံမီးအဝိုင်းပြားများပေါ်တွင် ကလေးငယ်များ ပျော်ရွှင်စွာ ဆော့ကစားခြင်း၊ မြက်ခင်းပြင်များအပေါ်တွင် စိတ်အေးချမ်းသာစွာ အပန်းဖြေအနားယူခြင်းများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**

# ၂၀၂၂ ခုနှစ်၊ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄) ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၂။ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို စောင့်ရှောက်ဖော်ဆောင်၍ ကောင်းမွန်သန့်ရှင်းသော အစိုးရတစ်ရပ်နှင့် အုပ်ချုပ်မှုပုံစံ ပေါ်ထွန်းလာစေရေး။

၃။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ တိုင်းရင်းသားအားလုံး စည်းလုံးချစ်ခင်စွာ ပူးပေါင်းဆောင်ရွက်ရေး။

၄။ ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ကြိုးပမ်းဖော်ဆောင်ရေး။

## ကြေးမုံ

# ထူးခြားလေးနက်သော လွတ်လပ်ရေးနေ့ကိုဂုဏ်ပြု

၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့သည် မြန်မာနိုင်ငံ၏ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ဖြစ်သည်။ ထိုနေ့သည် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး နိုင်ငံအတွက် ထူးကဲမွန်မြတ်သော၊ တိုင်းရင်းသားပြည်သူအားလုံးအတွက် ဂုဏ်ယူစရာကောင်းသော နေ့ထူးနေ့မြတ်ဖြစ်သည်။ ယခုနှစ်သည် စိန်ရတုအကြို တစ်နှစ်အလို လွတ်လပ်ရေးနေ့ဖြစ်၍ ပိုမိုထူးကဲပေသည်။

မြန်မာနိုင်ငံသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း အစရှိသည့် တိုင်းရင်းသားလူမျိုးများ၏ စည်းလုံးမှုစွမ်းအား၊ ညီညွတ်မှုစွမ်းအား၊ တိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးသောစိတ်တို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော ပြည်ထောင်စုနိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများအားလုံး ရှေးနှစ်ပေါင်း ထောင်ချီကတည်းက မရှိအတူရှိအတူ အေးအတူပူအမျှ စည်းလုံးညီညွတ်စွာဖြင့် နေထိုင်ခဲ့ကြရာမှ နယ်ချဲ့တို့၏ ကျူးကျော်နယ်ချဲ့မှုကြောင့် ၁၈၈၅ ခုနှစ်တွင် သူ့ကျွန်ဘဝသို့ကျရောက်ပြီး တစ်နိုင်ငံလုံး လွတ်လပ်ရေးဆုံးရှုံးခဲ့သည်။

သူ့ကျွန်ဘဝတွင် တိုင်းရင်းသားပြည်သူအပေါင်းတို့သည် အရင်းရှင်နယ်ချဲ့စနစ်နှင့်ဖက်ဆစ်စနစ်တို့၏ အမျိုးမျိုးဖိနှိပ်သွေးစုပ်ခြယ်လှယ်ခြင်းကို ခံခဲ့ရသည်။ ထို့ကြောင့် တိုင်းရင်းသားပြည်သူအပေါင်းတို့သည် စည်းလုံးညီညွတ်မှု၊ အမျိုးကို ချစ်မြတ်နိုးမှု၊ အမိနိုင်ငံကို ချစ်မြတ်နိုးမှုတို့ဖြင့် ဘဝပေါင်းများစွာ၊ အသက်ပေါင်းများစွာ စတေးပေးဆပ်ကာ အမိနိုင်ငံတော်လွတ်လပ်ရေး၊ သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ မင်္ဂလာရှိသော နံနက်အချိန်အခါသမယတွင် မြန်မာတစ်နိုင်ငံလုံး လွတ်လပ်ရေးရရှိခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရေးအတွက် ဘိုးဘွားဘီဘင်များက အသက်ပေါင်းများစွာ၊ ဘဝပေါင်းများစွာ ပေးဆပ်ခဲ့ကြပြီးဖြစ်၍ ယနေ့ တိုင်းရင်းသားပြည်သူအပေါင်းတို့၏ သမိုင်းပေးတာဝန်သည် အမိမြန်မာနိုင်ငံတော်ကြီး လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်၏စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူအားလုံး စားနပ်ရိက္ခာဖူလုံရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် တိုင်းပြည်ငြိမ်းချမ်းသာယာရေး၊ အဖျက်သမားချုပ်ငြိမ်းရေးကို နိုင်ငံတော်နှင့်အတူ ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်။

ဤသည်မှာ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊ သမိုင်းပေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခြင်းပင်ဖြစ်သည်။ ထူးခြားလေးနက်သည့် စိန်ရတုပြည်ထောင်စုနေ့၊ စိန်ရတုအကြိုလွတ်လပ်ရေးနေ့ ယနေ့အခါသမယတွင် ထူးခြားလေးနက်စွာ အထူးဆောင်ရွက်ရမည်မှာ သက်ဆိုင်သူအဖွဲ့အစည်းများအားလုံး ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များ စတင်တက်လှမ်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။ ငြိမ်းချမ်းရေးသည် တိုင်းပြည်အတွက် အရေးအကြီးဆုံးဖြစ်ပြီး နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ် (၅) ရပ်၏ စတုတ္ထအချက်တွင် "တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်" ဟု အသိပေးထားသည်။

ယခုနှစ် ၂၀၂၂ ခုနှစ် (၇၄)နှစ်မြောက်လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များသည်လည်း လွတ်လပ်ရေးအမွေ သမိုင်းပေးတာဝန်ကျေပွန်ရေးအတွက် အလုပ်လမ်းညွှန်များဖြစ်သည်။

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို စောင့်ရှောက်ဖော်ဆောင်၍ ကောင်းမွန်သန့်ရှင်းသော အစိုးရတစ်ရပ်နှင့် အုပ်ချုပ်မှုပုံစံ ပေါ်ထွန်းလာစေရေး။

(၃) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံ၍ တိုင်းရင်းသားအားလုံး စည်းလုံးချစ်ခင်စွာ ပူးပေါင်းဆောင်ရွက်ရေး။

(၄) ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ကြိုးပမ်းဖော်ဆောင်ရေးဟူသည့် အမျိုးသားရေးဦးတည်ချက်များကို ဝိုင်းဝန်းဖော်ဆောင်ကြရမည်။

၂၀၂၂ ခုနှစ် (၇၄) နှစ်မြောက်လွတ်လပ်ရေးနေ့သည် စိန်ရတုလွတ်လပ်ရေးနေ့အကြို တစ်နှစ်အလိုဖြစ်ပြီး မကြာမီတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခိုင်အမာစိုက်ထူခဲ့သော စိန်ရတုပြည်ထောင်စုနေ့သို့ ရောက်ပြီဖြစ်သည်။ သို့ပါ၍ ထူးကဲမွန်မြတ်ထူးခြားလေးနက်သော ပြည်ထောင်စုကြီး၏ စိန်ရတုကာလတွင် ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးနှင့် ပြည်ထောင်စုကြီး စားနပ်ရိက္ခာဖူလုံပေါများပြီး အေးချမ်းသာယာဝပြောရေးအတွက် ဝိုင်းဝန်းလက်တွဲကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# သတိပေးနှိုးဆော်ချက်

(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲနှင့် သဝဏ်လွှာဖတ်ပွဲ အခမ်းအနားအား နေပြည်တော် မြို့တော်ခန်းမရင်ပြင်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ (ဝတ်စုံပြည့်)အစမ်းလေ့ကျင့်မည့် ၂-၁-၂၀၂၂ ရက်နေ့နှင့် အခမ်းအနားကျင်းပမည့် ၄-၁-၂၀၂၂ ရက်နေ့တို့တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ဧည့်ရိပ်သာမီးပွိုင့်မှ သပြေကုန်းဈေးထောင့် လမ်းဆုံမီးပွိုင့်အထိ ယာဉ်သွားလာမှုများအား နံနက်(၀၂:၀၀)အချိန်မှ (၀၈:၀၀)အချိန်အထိ ခေတ္တလမ်းပိတ်/ လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ယာဉ်အသုံးပြုသွားလာနေကြသူများအနေဖြင့် ၎င်းနေ့ရက်များတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ဧည့်ရိပ်သာမီးပွိုင့်မှ တော်ဝင်ရတနာလမ်းအတိုင်း ရွှေကြာပင်မီးပွိုင့်ဘက်သို့လည်းကောင်း၊ သပြေကုန်းဈေးထောင့် လမ်းဆုံမီးပွိုင့်မှ ပိတောက်လမ်းအတိုင်း ဧရာဝတီလမ်းဘက်သို့လည်းကောင်း လမ်းလွှဲမောင်းနှင်ပေးကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၃**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေ ခန့်ရှိနိုင်သည်။ မိုး/ဇလ

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၃**

ရှမ်းပြည်နယ်တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။ မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၃ - ၁-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၂၀၀ | ၈,၄၀၀ | ၁၇၂ | ၁,၄၁၃,၃၀၀ |
| MTSH | ၃,၀၅၀ | ၃,၀၅၀ | ၂၉၉ | ၉၁၁,၉၅၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၁၅ | ၁၁၇,၀၀၀ |
| FPB | ၁၉,၅၀၀ | ၁၉,၅၀၀ | ၈၄ | ၁,၆၃၈,၀၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၁ | ၂,၇၀၀ |
| EFR | ၂,၉၀၀ | ၂,၉၀၀ | ၀ | ၀ |
| AMATA | ၆,၀၀၀ | ၆,၀၀၀ | ၂ | ၁၂,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် ဇန်နဝါရီ ၃**

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၇၇၈.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၀၁၆.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၉.၇၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၃.၆၀၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၆.၁၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၉၁၉ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၉၀.၅ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၁၇.၆ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၄၃.၄ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၉.၀၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

| | | | | |
|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | | **အကြီးတန်းသတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | | **အငယ်တန်းသတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | | **စာပြင်** | - ဒေါ်မြသီတာနှင့်အဖွဲ့ |
| | | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily


နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

အမျိုးသားညီညွတ်ရေးဆိုသည်မှာ ခေါင်းဆောင်များသာ ညီညွတ်ခြင်းကို မဆိုလို။ လူမျိုး၊ ဘာသာ၊ ယောကျ်ား၊ မိန်းမ၊ ဂိုဏ်းဂဏမရွေး တစ်နိုင်ငံလုံး ပြည်သူပြည်သား၊ လူထုတစ်ခုလုံး အပြောသာမဟုတ်၊ အလုပ်နှင့်တကွ အမျိုးသားတို့၏ အလိုဆန္ဒများ ပြည့်ဝနိုင်ရန် အမျိုးသားတို့၏ လုပ်ငန်းများတွင် သောင်းသောင်းဖြဖြ စိတ်ရောကိုယ်ပါ ညီညွတ်ကြသည်ကို ဆိုလိုသည်။

[ ဗိုလ်ချုပ်အောင်ဆန်း ၂၀-၁-၁၉၄၆ ရက်နေ့ ရွှေတိဂုံဘုရား အလယ်ပစ္စယံညီလာခံ၌ ပြောကြားသော မိန့်ခွန်းမှ ကောက်နုတ်ချက် ]



ရွှေတိဂုံဘုရားနှင့် ကရဝိက် ဓာတ်ပုံ - ပြန်/ဆက်

❂ ရှေ့ဖုံးမှ

သို့ရာတွင် ကမ္ဘာတစ်ဝန်းလွှမ်းမိုးကြီးစိုးလာသော ကိုလိုနီစနစ်ဆိုးကြောင့် မြန်မာနိုင်ငံသည်လည်း အချို့သော နိုင်ငံများကဲ့သို့ (၁၉)ရာစုနှောင်းပိုင်းမှစ၍ ကိုလိုနီနယ်ချဲ့တို့၏ မတရားကျူးကျော်သိမ်းပိုက်ခြင်းခံခဲ့ရပြီး နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို လက်လွတ်ဆုံးရှုံးခဲ့ရပါသည်။

### ပြန်လည်ရယူနိုင်ခဲ့

အေးအတူပူအမျှ အတူတကွ ယှဉ်တွဲနေထိုင်ခဲ့ကြသည့် ပြည်ထောင်စုဖွားတိုင်းရင်းသားများသည် စည်းလုံးညီညွတ်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကိုလိုနီနယ်ချဲ့တို့ကို သက်စွန့်ကြိုးပမ်း တွန်းလှန်တိုက်ခိုက်ခဲ့ခြင်းကြောင့် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့ကြပြီး ယခုအခါ (၇၄)နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် လွတ်လပ်ရေးဆုံးရှုံးရန်အတွက် ရက်ပိုင်းလပိုင်းမျှသာ ကြာမြင့်နိုင်သော်လည်း ဆုံးရှုံးသွားသည့်လွတ်လပ်ရေးကို ပြန်လည်ရယူရန်အတွက် ကြိုးပမ်းရာတွင် နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ရပါသည်။ အသက်ပေါင်းများစွာလည်း ပေးဆပ်ခဲ့ရပါသည်။ နိုင်ငံတစ်နိုင်ငံတွင် လွတ်လပ်ရေးဆုံးရှုံးရသည်ထက် ကြီးမားသည့်ဆုံးရှုံးမှု မရှိသောကြောင့် မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံသားအားလုံးတွင် ထိန်းသိမ်းစောင့်ရှောက်ရန် အပြည့်အဝ တာဝန်ရှိပါသည်။

မြန်မာနိုင်ငံလွတ်လပ်ရေး ပြန်လည်ရရှိခဲ့ပြီးနောက် နယ်ချဲ့တို့၏ နှစ်ပေါင်းတစ်ရာကျော် အုပ်ချုပ်ခဲ့သည့် တောင်တန်းမြေပြန့် သွေးခွဲအုပ်ချုပ်ခဲ့မှုကြောင့် တိုင်းရင်းသားသွေးချင်း ညီအစ်ကိုမောင်နှမအချင်းချင်းတို့အကြား ယုံကြည်မှုလျော့နည်းခဲ့ပြီး သံသယစိတ်ဓာတ်များဖြင့် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်လာကာ ပြည်တွင်းငြိမ်းချမ်းရေးအား ထိပါးလာခဲ့ပါသည်။ ထိုအချိန်တွင် ဖဆပလအဖွဲ့သည် နိုင်ငံ၌ အားအကောင်းဆုံးသော နိုင်ငံရေးအဖွဲ့ကြီးဖြစ်ခဲ့သော်လည်း နောက်ပိုင်းတွင် ခေါင်းဆောင်များအတွင်း သဘောထားကွဲလွဲမှုများကြောင့် နိုင်ငံအခြေအနေများ ယိမ်းယိုင်ခဲ့ရပါသည်။ ဖဆပလအတွင်း ကွန်မြူနစ်၊ ဆိုရှယ်လစ်၊ ပြည်သူ့ရဲဘော်အစရှိသော နိုင်ငံရေးခံယူချက်မတူသည့် အဖွဲ့အစည်းများဖြင့် စုစည်းတည်ဆောက်နိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် အစုအဖွဲ့လိုက် သဘောထားကွဲပြားမှု၊ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုဆိုင်ရာ တည်ဆောက်မှုတို့ကြောင့် စည်းရုံးရေးပြိုကွဲခဲ့ရသည်။ အကျိုးဆက်အားဖြင့် ဖဆပလအတွင်းသူတစ်လူ၊ ငါတစ်မင်း အုပ်စုကွဲမှုများဖြစ်ပေါ်ခဲ့ပြီး တိုင်းပြည်သည် ဘေးကျပ်နံကျပ်ဖြစ်စေခဲ့ပါသည်။

နောက်ပိုင်းတွင်လည်း ထိုကဲ့သို့ နိုင်ငံရေးအယူအဆနှင့် အယူဝါဒ ကွဲပြားမှုအမျိုးမျိုးကြောင့် ဖြစ်ပေါ်လာသော ပဋိပက္ခတို့ကြောင့် နိုင်ငံတော်၏ တည်ငြိမ်ရေးပါ ထိပါးလာခဲ့သည့်အပြင် လွတ်လပ်ရေးရရှိပြီး ၇၄ နှစ် ရှိပြီဖြစ်သော်လည်း ထိုပဋိပက္ခများအား ဖြေရှင်းနေရသဖြင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုသည် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဖွံ့ဖြိုးတိုးတက်မှု နောက်ကျစေမှုကို ဖြစ်ပေါ်စေခဲ့ပါသည်။

### သမိုင်းပေးတာဝန်တစ်ရပ်အဖြစ် ခံယူ

တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးက ကိုလိုနီစနစ်ဆိုး၏ ခါးသီးသော အတိတ်သမိုင်းအတွေ့အကြုံများကို သင်ခန်းစာယူကာ နိုင်ငံတော်၏အကျိုးကို သယ်ပိုးဆောင်ရွက်ရာတွင် မတရားသွေးထိုးလှုံ့ဆော်မှုများ၊ ဖိအားပေးမှုများကို အမြဲသတိပြုကြရန် လိုအပ်ပါသည်။ မိမိနိုင်ငံ၊ မိမိလူမျိုးနှင့် ဘာသာသာသနာတို့အပေါ် သစ္စာစောင့်သိပြီး ရင့်ကျက်သည့် အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို နိုင်ငံသားတိုင်းက သမိုင်းပေးတာဝန်တစ်ရပ်အဖြစ် ခံယူ၍ စည်းလုံးညီညွတ်စွာ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ပါသည်။ သို့မှသာ မြန်မာနိုင်ငံသည် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာတည်သရွေ့ ရပ်တည်သွားနိုင်မည် ဖြစ်ပါသည်။

စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို ပြည်ထောင်စုဖွားတိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ နားလည်မှု၊ ယုံကြည်မှုများဖြင့် တည်ဆောက်ပေးကြရမည်ဖြစ်ပါသည်။

ထာဝရငြိမ်းချမ်းရေး ရရှိစေရေးအတွက် စုပေါင်းအင်အားဖြင့် ကြိုးပမ်းဖော်ဆောင်ရယူ၍ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံမှ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

### ပူးပေါင်းဝိုင်းဝန်းဆောင်ရွက်

ထိုသို့ဆောင်ရွက်ရာ၌ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လမ်းကြောင်းမှန်ပေါ်တွင် ဆက်လက်ရှင်သန် ထွန်းကားနိုင်ရေးအတွက် တပ်မတော်နှင့်အတူ တိုင်းရင်းသားပြည်သူများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများအားလုံးက တစ်သွေးတည်း၊ တစ်သားတည်း ပူးပေါင်းဝိုင်းဝန်းဆောင်ရွက်ကြရန် လိုအပ်ကြပါသည်။ ကျွန်ုပ်တို့နိုင်ငံသည် တည်နေရာ၊ ရာသီဥတုကောင်းနှင့် ရေခံမြေခံကောင်းရှိသော နိုင်ငံတစ်ခုပင် ဖြစ်ပါသည်။ နိုင်ငံအတွင်းရှိ ရှိပြီးသား ၎င်းကဲ့သို့ သဘာဝအခြေခံကောင်းများကို လူသားအရင်းအမြစ်နှင့် ပေါင်းစပ်၍ စနစ်တကျ အကျိုးရှိစွာ အသုံးချနိုင်ရန် လိုအပ်ပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့သာမက ပြည်တွင်းရှိ နိုင်ငံရေးအင်အားစုများ၊ နိုင်ငံရေးပါတီများ၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများအားလုံး တက်ညီလက်ညီ ပူးပေါင်းပါဝင်၍ ပြည်တွင်းစီးပွားရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းတို့အား အားတက်သရော ဆောင်ရွက်နိုင်ပါလျှင် ဖွံ့ဖြိုးတိုးတက်မှုများ မလွဲမသွေ ရရှိခံစားနိုင်မည်ဖြစ်ပါသည်။

> ❍ **ကျွန်ုပ်တို့နိုင်ငံသည် တည်နေရာ၊ ရာသီဥတုကောင်းနှင့် ရေခံမြေခံကောင်းရှိသော နိုင်ငံတစ်ခုပင်ဖြစ်၊ နိုင်ငံအတွင်းရှိ ရှိပြီးသား ၎င်းကဲ့သို့ သဘာဝအခြေခံကောင်းများကို လူသားအရင်းအမြစ်နှင့် ပေါင်းစပ်၍ စနစ်တကျ အကျိုးရှိစွာ အသုံးချနိုင်ရန် လိုအပ်။**
>
> ❍ **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့သာမက ပြည်တွင်းရှိ နိုင်ငံရေးအင်အားစုများ၊ နိုင်ငံရေးပါတီများ၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများအားလုံး တက်ညီလက်ညီ ပူးပေါင်းပါဝင်၍ ပြည်တွင်းစီးပွားရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းတို့အား အားတက်သရော ဆောင်ရွက်နိုင်ပါလျှင် ဖွံ့ဖြိုးတိုးတက်မှုများ မလွဲမသွေ ရရှိခံစားနိုင်မည်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလမ်းစဉ်အဖြစ် နိုင်ငံတော်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးကို ဦးတည်ဆောင်ရွက်နေပါသည်။ နိုင်ငံတော်သာယာဝပြောရေးဆိုရာ၌ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ပါဝင်မည်ဖြစ်ပါသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်က ကျင့်သုံးနေသည့်/ကျင့်သုံးရန်ရည်မှန်းထားသည့် နိုင်ငံရေးစနစ်နှင့် ဖြစ်ပေါ်နေသော နိုင်ငံရေးယဉ်ကျေးမှုတို့ (Political Culture) သဟဇာတဖြစ်ရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံ၏ ကျင့်သုံးနေသည့်/ ကျင့်သုံးရန် ရည်မှန်းထားသည့် နိုင်ငံရေးစနစ်မှာ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ဖြစ်ပါသည်။

ဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရန်အတွက် လူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက်၊ အဖွဲ့အစည်းအလိုက် နိုင်ငံရေးအသိအမြင်များ အားကောင်းရန် လိုအပ်ပါသည်။ အားလုံးပါဝင်နိုင်သော၊ ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြုမှုကို ဖော်ထုတ်နိုင်သော နိုင်ငံရေးစနစ်တည်ဆောက်မှု လိုအပ်ပါသည်။ ၎င်းအတွက် နိုင်ငံတော်အစိုးရအနေဖြင့် သက်ဆိုင်ရာနိုင်ငံရေးပါတီများနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူလူထု၏ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကိုထိခိုက်စေသည့် NUG နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်လှုပ်ရှားမှုများအားလည်း ထိရောက်စွာ ဟန့်တားနိုင်ရေး ပြည်သူလူထုနှင့် လက်တွဲဆောင်ရွက်လျက် ရှိပါသည်။

### ထာဝရငြိမ်းချမ်းရေးရရှိရေး

မြန်မာနိုင်ငံသည် တိုင်းရင်းသားအားလုံးက စုစည်းတည်ထောင်ထားသည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်နှင့်အညီ တိုင်းရင်းသားစည်းလုံးညီညွတ်မှုတောင့်တင်းခိုင်မာရေးသည် နိုင်ငံတော်နှင့် ပြည်သူလူထု၏ အမျိုးသားရေးအကျိုးစီးပွားပင် ဖြစ်ပါသည်။ ကိုလိုနီခေတ်က ၎င်းတိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြား၍ ကျွန်သက်ရှည်အောင် ဆောင်ရွက်ခဲ့သည့်နည်းတူ မျက်မှောက်ကာလ၌လည်း ခေတ်သစ်ကိုလိုနီဝါဒီများက ညီနောင်တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု ပြိုကွဲ၍ မြန်မာနိုင်ငံကို ၎င်းတို့ လိုသလိုခြယ်လှယ်ခွင့်ရရန် ဆက်လက်ဆောင်ရွက်နေဆဲဖြစ်သည်ကို သတိရှိကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် အယူအဆ၊ အယူဝါဒကွဲပြားမှုတို့ကြောင့် ဖြစ်ပေါ်လာခဲ့သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ၊ သွေးကွဲမှုများချုပ်ငြိမ်း၍ ရေရှည်တည်တံ့ခိုင်မြဲသည့် ထာဝရငြိမ်းချမ်းရေးရရှိရေး ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြပါဟု တိုက်တွန်းလိုပါသည်။

မြန်မာနိုင်ငံတွင် ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းကျော်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းမှာ စိုက်ပျိုး၊ မွေးမြူရေးကို အခြေခံသည့် လုပ်ငန်းများဖြစ်ပါသည်။ **စာမျက်နှာ ၄ သို့** ❂

❂ စာမျက်နှာ ၃ မှ

ထို့ကြောင့် ပြည်သူ့လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် စားရေရိက္ခာဖူလုံရေးအား ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘာ၌ စားရေရိက္ခာသည် အခြေခံလိုအပ်ချက်ဖြစ်ပြီး လူသားထုအသက်ရှင် နေထိုင်ရေးအတွက် နေ့စဉ်သုံးစွဲနေရသဖြင့် လိုအပ်ချက် အမြဲရှိနေသော ပစ္စည်းများဖြစ်ပါသည်။

စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ခေတ်မီနည်းစနစ်များသုံး၍ အထွက်နှုန်းများ တိုးတက်ကောင်းမွန်စေရေး၊ စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး ရည်မှန်းချက်များကို အင်တိုက်အားတိုက် လက်တွဲညီညီဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ထိုဖွံ့ဖြိုးတိုးတက်ရေးလမ်းစဉ်သည် နိုင်ငံတော်၏ ပကတိအရှိတရားလိုအပ်ချက်ပင်ဖြစ်ပါသည်။ ယနေ့အချိန်တွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကိုဗစ်-၁၉ ကပ်ရောဂါအား ရင်ဆိုင်ကြုံတွေ့နေရသော ကာလဖြစ်ပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါအား ရင်ဆိုင်ကျော်လွှားနိုင်အောင်ကြိုးပမ်းရင်း တိုင်းပြည်၏ပကတိအရှိတရား လိုအပ်သည့် ဖွံ့ဖြိုးတိုးတက်ရေးလမ်းစဉ်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် တိုင်းရင်းသားသွေးချင်း ညီအစ်ကိုမောင်နှမများအားလုံး စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ချစ်ခင်ညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်ရန် အထူးအရေးကြီးလိုအပ်ပါသည်။

စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှု အပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅) ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၉)ရပ်တို့ကို ဆက်လက်အကောင်အထည်ဖော်ရာတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တွေ့ကြုံရသမျှ အခက်အခဲများနှင့် အနှောင့်အယှက်များကို စုပေါင်းအင်အားဖြင့် စည်းလုံးညီညွတ်စွာ ရင်ဆိုင်ကျော်လွှားသွားကြရမည်ဖြစ်ပါသည်။ သို့မှသာ စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို စောင့်ရှောက်ဖော်ဆောင်၍ ကောင်းမွန်သန့်ရှင်းသော အစိုးရတစ်ရပ်နှင့် အုပ်ချုပ်မှုပုံစံပေါ်ထွန်းလာစေမည်ဖြစ်ပါသည်။

## ❍ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံအနေဖြင့် ပညာကိုအခြေပြု၍ နိုင်ငံတော်တည်ဆောက်ရေး (State Building)နှင့် တိုင်းပြည်တည်ဆောက်ရေး(Nation Building)ကို ဆောင်ရွက်နိုင်မှ ခေတ်နှင့်အညီ၊ ကမ္ဘာနှင့်အမီ ရင်ပေါင်တန်းလျှောက်လှမ်းနိုင်မည်

ယနေ့ခေတ်သည် ပညာခေတ်(Knowledge Age)ဖြစ်သည်နှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် "ပညာသည်သာ၊ အခရာ" ဖြစ်လျက်ရှိပါသည်။ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံအနေဖြင့် ပညာကိုအခြေပြု၍ နိုင်ငံတော်တည်ဆောက်ရေး(State Building)နှင့် တိုင်းပြည်တည်ဆောက်ရေး(Nation Building)ကို ဆောင်ရွက်နိုင်မှ ခေတ်နှင့်အညီ၊ ကမ္ဘာနှင့်အမီ ရင်ပေါင်တန်းလျှောက်လှမ်းနိုင်မည်ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြဋ္ဌာန်းချက် ၃၆၆ ၌ "နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကချမှတ်ထားသော ပညာရေးဆိုင်ရာမူဝါဒများနှင့်အညီ (က) ပညာသင်ကြားပိုင်ခွင့်ရှိသည်။ (ခ) ဥပဒေဖြင့် ပြဋ္ဌာန်းသည့် မသင်မနေရ အခြေခံပညာများကို သင်ကြားရမည်" ဟု ပြဋ္ဌာန်းထားပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသားတိုင်း၊ ကျောင်းနေအရွယ် ကလေးငယ်တိုင်း Kg+9 (အခြေခံပညာအလယ်တန်း အဆင့်) အဆင့် ပြီးဆုံးသည်အထိ ပညာသင်ကြားနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ၎င်း Kg+9 အဆင့်အထိ အခြေခံပညာရေးပြီးဆုံးမှသာ အသက်မွေးဝမ်းကျောင်းပညာများကို အနည်းဆုံးဆက်လက် သင်ယူနိုင်မည်ဖြစ်သဖြင့် တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံ့အနာဂတ်ကို ရှေးရှုပြီး တက်ကြွစွာ ဝိုင်းဝန်းအားပေးကြပါရန် နှိုးဆော်လိုပါသည်။

ပညာရေးသည်လောကဓံကိုကြုံတွေ့ကြရသည့်အခါ အောင်မြင်စွာရင်ဆိုင်ကျော်လွှားနိုင်စေရန် လိုအပ်သော စိတ်နှင့်ရုပ်လက္ခဏာများ တည်ဆောက်ပေးခြင်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့်ပညာတတ်လျှင် ကျန်းမာအောင်နေတတ်လာလိမ့်မည်။ ပညာတတ်လျှင် ချမ်းသာအောင် နေတတ်လာလိမ့်မည်ဖြစ်ပါသည်။ ထို့ကြောင့် ပညာတတ်များ ပေါ်ကြွယ်ဝရေး၊ ပညာကိုအခြေခံသည့် အသိပညာ၊ အတတ်ပညာရှိသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာစေရေး ဆက်လက်ဆောင်ရွက်ကြပါမည်။ မိမိတို့ပြည်သူပြည်သားများ၏ စွမ်းပကားဖြင့် နိုင်ငံတော်တိုးတက်အောင် ဆက်လက်စွမ်းဆောင်ကြပါစို့ဟု တိုက်တွန်းလိုပါသည်။

သို့ဖြစ်၍

- ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံးထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေး၊
- စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို စောင့်ရှောက်ဖော်ဆောင်၍ ကောင်းမွန်သန့်ရှင်းသော အစိုးရတစ်ရပ်နှင့် အုပ်ချုပ်မှုပုံစံပေါ်ထွန်းလာစေရေး၊
- နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ တိုင်းရင်းသားအားလုံး စည်းလုံးချစ်ခင်စွာ ပူးပေါင်းဆောင်ရွက်ရေး၊
- ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ကြိုးပမ်းဖော်ဆောင်ရေးဟူသော

၂၀၂၂ ခုနှစ်၊ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်ကို အလေးအနက်ခံယူပြီး နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင်ကြပါရန် မိမိတို့သည်သမိုင်းတစ်ကွေ့တွင် စည်းလုံးညီညွတ်မှုပြိုကွဲခဲ့ခြင်း၊ အင်အားတောင့်တင်းသည့် အမြဲတမ်းတပ်မတော်တစ်ရပ် မရှိခဲ့ခြင်းတို့ကြောင့် သူ့ကျွန်ဘဝနှင့်ရှင်သန်ခဲ့ရသည့် ဘိုးဘွားဘီဘင်များ၏ ဖြစ်စဉ်များကို သင်ခန်းစာယူလျက် လွတ်လပ်ရေး၏ တန်ဖိုးကို သိရှိနားလည်ကြပါရန် မျိုးဆက်သစ်များအနေဖြင့် အတိတ်မှဖြစ်စဉ်များအပေါ် ဆင်ခြင်တုံတရားထားလျက် မိမိတို့ရရှိထားသော လွတ်လပ်ခြင်း၏တန်ဖိုးကို သိရှိနားလည်ကာ အမိနိုင်ငံတော်၏အကျိုးကို စွမ်းဆောင်နိုင်သလောက် ကိုယ်စီကိုယ်စီ စွမ်းဆောင်သွားကြစေရေး တိုက်တွန်းလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၂)ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ဂုဏ်ပြုအခမ်းအနား ကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်၊ ဦးမောင်မောင်ဝင်း၊ ဦးထွန်းအုံ၊ ဦးအောင်ကျော်ထွန်း၊ ဦးဇော်ဝင်း၊ ဒေါက်တာအေးထွန်း၊ ဦးမင်းထိန်၊ ဦးဇော်အေးမောင်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် ကျရောက်သည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို နေပြည်တော်၌ ဗိုလ်ရှုခံရင်ပြင်တွင် ကျင်းပမည်ဖြစ်ပါကြောင်း၊ လွတ်လပ်ရေးရပြီးနောက်ပိုင်း သမ္မတကြီး စဝ်ရွှေသိုက်၊ သမ္မတကြီး ဒေါက်တာဘဦးနှင့် သမ္မတကြီး မန်းဝင်းမောင်တို့ တာဝန်ထမ်းဆောင်ခဲ့ကြသည့် သက်တမ်းကာလအတွင်း ဗိုလ်ရှုခံအခမ်းအနားများကို ကျင်းပခဲ့ကြပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သည့် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ဗိုလ်ရှုခံအခမ်းအနားကို တစ်ဖန် ပြန်လည်ကျင်းပနိုင်ခဲ့ပါကြောင်း၊ ဗိုလ်ရှုခံအခမ်းအနားများကို ကျင်းပသည့် ရည်ရွယ်ချက်မှာ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဂုဏ်ယူအလေးအနက်ထားသောအားဖြင့် မြန်မာနိုင်ငံရှိ အဖွဲ့အစည်းပေါင်းစုံက နိုင်ငံတော်သမ္မတကြီးများအား ချီတက်အလေးပြုခဲ့ကြခြင်းဖြစ်ပါကြောင်း။

ယခုနှစ် ကျင်းပမည့် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဗိုလ်ရှုခံရင်ပြင်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါကြောင်း၊ နေပြည်တော်ရှိ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး ပြည်နယ်များမှ ပါဝင်ဆောင်ရွက်ကြမည်ဖြစ်ရာ ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်နိုင်ရန် ယခုကဲ့သို့ အစည်းအဝေးခေါ်ယူရခြင်းဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များကိုလည်း ပါဝင်ဆောင်ရွက်ရမည့် အခန်းကဏ္ဍနှင့် ပတ်သက်၍ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်က Virtual စနစ်ဖြင့် အစည်းအဝေးခေါ်ယူ ရှင်းလင်းပြောကြားပြီး ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီဒုတိယ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်နိုင်တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီဥက္ကဋ္ဌက ၂၀၁၅ ခုနှစ်တွင် ကျင်းပခဲ့သည့် ဗိုလ်ရှုခံအခမ်းအနား မှတ်တမ်းဓာတ်ပုံ Powerpoint ကို ပြန်လည်ပြသကာ ယခုနှစ်တွင်ကျင်းပမည့် အခမ်းအနားကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ဆောင်ရမည့် ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးရဲတင့်က အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကော်မတီဖွဲ့စည်းထားရှိမှု၊ ဆပ်ကော်မတီဖွဲ့စည်းရန် လျာထားမှုနှင့် လုပ်ငန်းတာဝန်များ၊ ဆောင်ရွက်သွားမည့်အစီအမံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဂုဏ်ပြုအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် စပ်လျဉ်းပြီး ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေး တင်ပြချက်များအပေါ် ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့သည်။ **သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအကြီးအကဲများနှင့် နိုင်ငံခြားရေးဝန်ကြီးများမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

**၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် နိုင်ငံခြားရေးဝန်ကြီးများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တို့ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ကြသည်။**

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်ထံမှ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် အဆွေတော်ထံသို့ နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာ - ရုရှား ဆက်ဆံရေးသည် အစဉ်အလာရှိသော ချစ်ကြည်ရင်းနှီးမှုတို့ဖြင့် ဖော်ကျူးထားပါကြောင်း၊ ဒေသတွင်းတည်ငြိမ်ရေးနှင့် လုံခြုံရေးခိုင်မာစေရေးကို ရှေးရှု၍ နှစ်နိုင်ငံအတူတကွ ကြိုးပမ်းအားထုတ်မှုများမှတစ်ဆင့် မိမိတို့ပြည်သူများ၏ အကျိုးစီးပွားအတွက် နိုင်ငံရေး၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံနည်းပညာနှင့် နှစ်နိုင်ငံအကြား အခြားသော ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက် ပိုမိုတိုးမြှင့်ဖော်ဆောင်သွားနိုင်လိမ့်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

အဆွေတော် ကျန်းမာ၍ အောင်မြင်မှုများ ရရှိပါစေကြောင်းနှင့် မြန်မာပြည်သူ ပြည်သားအပေါင်း ငြိမ်းချမ်းသာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ကမ္ဘောဒီးယားနိုင်ငံ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီထံမှ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်ကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံသည် အစဉ်အလာအရ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများရှိပါသည်။ အာဆီယံဒေသတွင်းဖိုရမ်မှတစ်ဆင့် မြန်မာနိုင်ငံနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုကို များစွာတန်ဖိုးထားရှိပါသည်။

မြန်မာနိုင်ငံ ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကမ္ဘောဒီးယားနိုင်ငံက ဆက်လက်၍ ကတိကဝတ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံ၏ အနာဂတ်သာယာဝပြောရေးအတွက် ဆုမွန်ကောင်း တောင်းအပ်ပါသည်။

## ကမ္ဘောဒီးယားနိုင်ငံ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက် အာခါ မိုဟာ ဆီနာ ပါတိုင်း တဲ့ချို့ ဟွန်ဆင် ထံမှ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများ ထံသို့ မိမိကဂုဏ်ယူဝမ်းမြောက်စကားနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြားရှိ ရေရှည်တည်တံ့သော နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် လွန်ခဲ့သည့်နှစ်ကာလများအတွင်း ပိုမိုခိုင်မာလာမှုနှင့် အလေးထားဆောင်ရွက်နိုင်မှုအပေါ် မိမိအနေဖြင့် ဝမ်းမြောက်မိပါသည်။

၂၀၂၂ ခုနှစ် အာဆီယံဥက္ကဋ္ဌတာဝန်ယူထားသော ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၌ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေး ဖော်ဆောင်ခြင်းဖြင့် ဒေသတွင်းသာမက နိုင်ငံတကာ၏ ငြိမ်းချမ်းတည်ငြိမ်ရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ထိန်းသိမ်းမြှင့်တင်ရေးအတွက် မြန်မာနိုင်ငံနှင့်အတူ လက်တွဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မကြာမီကာလအတွင်း အဆွေတော်အား မြန်မာနိုင်ငံ၌ တွေ့ဆုံရန် မျှော်လင့်လျက်ရှိပြီး အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ထပ်လောင်းဖော်ပြအပ်ပါသည်။

## ကမ္ဘောဒီးယားနိုင်ငံ

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ပရက်ဆုတ်ခ်ခွန်း ထံမှ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ ကမ္ဘောဒီးယားပြည်သူများကိုယ်စား မိမိကဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

မကြာသေးမီက ကမ္ဘောဒီးယားနိုင်ငံသို့ အလုပ်သဘောခရီးစဉ် လာရောက်ခဲ့သည့် အဆွေတော်၏ ခရီးစဉ်သည် မိမိတို့နှစ်နိုင်ငံအကြား အပြန်အလှန်ယုံကြည်မှုနှင့် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးအတွက် အထောက်အကူပြုစေခဲ့သဖြင့် ဝမ်းမြောက်မိပါသည်။

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် သာယာဝပြောစေရေးကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် မိမိတို့၏ အခြေခံမူများကို ထိန်းသိမ်းခြင်းနှင့် မြန်မာနိုင်ငံ၏ အခြေအနေကို ပိုမိုတိုးတက်ကောင်းမွန်ရေးအတွက် အကူအညီပေးသွားရန် မြန်မာနိုင်ငံအပါအဝင် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အတူတကွ လက်တွဲဆောင်ရွက်သွားမည်ဟု ထပ်လောင်းအတည်ပြုပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ လဗ် ရော့ဗ် ထံမှ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် ဆုမွန်ကောင်းတောင်းပါသည်။

မြန်မာ- ရုရှား ဆက်ဆံရေးသည် အစဉ်အလာအရ ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်လေးစားမှု၏ လက္ခဏာများကို ဖော်ဆောင်ထားပါသည်။ နိုင်ငံတကာနှင့် ဒေသတွင်းမျက်နှာစာများတွင် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်လျက် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ချိတ်ဆက်ဆောင်ရွက်မှုခိုင်မာစေရန် မျှော်လင့်ပါသည်။ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ခြင်းသည် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကိုသာမက အာရှ-ပစိဖိတ်ဒေသအတွင်း ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုထိန်းသိမ်းရန် အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါသည်။

## ဆားဘီးယားသမ္မတနိုင်ငံ

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့ ဆားဘီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ နီကိုလာ ဆဲလ်လာကောဗစ်ထံမှ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဆားဘီးယားနိုင်ငံခြားရေးဝန်ကြီးဌာနကိုယ်စား မိမိအနေဖြင့် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူ ပြည်သားများ တိုးတက်ပါစေကြောင်းနှင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဘက်မလိုက်လှုပ်ရှားမှုစတင်သည့် အချိန်ကတည်းက မြန်မာနိုင်ငံနှင့် ဆားဘီးယားနိုင်ငံအကြား အစဉ်အလာအရ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးသည် နှစ်နိုင်ငံပြည်သူများအကျိုးအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်နိုင်ရန် ခိုင်မာသည့်အခြေခံအုတ်မြစ်ဖြစ်ပါသည်။ ဘဲလ်ဂရိတ်မြို့တွင် ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁၁-၁၂ ရက်အထိ ကျင်းပခဲ့သည့် ဘက်မလိုက်လှုပ်ရှားမှု နှစ် (၆၀) ပြည့် အထိမ်းအမှတ်အနေဖြင့် ကျင်းပသော အဆင့်မြင့်အစည်းအဝေးသို့ မြန်မာနိုင်ငံမှ အဆွေတော်ကိုယ်တိုင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်တက်ရောက်ခဲ့သည့်အတွက် ကျေးဇူးတင်ရှိကြောင်း ထပ်မံပြောကြားလိုပါသည်။

ဆားဘီးယားသမ္မတနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ တစ်သမတ်တည်းပြောင်းလဲမှုမရှိသည့်ထောက်ခံမှုအတွက် ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် အနာဂတ်တွင်လည်း ယင်းသို့ ဆက်လက်ထောက်ခံနိုင်ရန် မျှော်လင့်ပါသည်။

မိမိအနေဖြင့် အဆွေတော်အား ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရီဆောင်းန်ဂွန်း ထံမှ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် အဆွေတော်၏ လုပ်ငန်းဆောင်တာများ အောင်မြင်ပါစေရန် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

---

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၃**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၃**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

# (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃**

၂၀၂၂ ခုနှစ် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများကို နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်း (Sports Complex)ရှိ သက်ဆိုင်ရာ အားကစားကွင်း/ အားကစားရုံများ၌ ဆက်လက်ကျင်းပသည်။

အဆိုပါပြိုင်ပွဲများသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**ကြည့်ရှုအားပေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ဘော်လီဘော (အမျိုးသမီး)ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ ဘော်လီဘော (အမျိုးသား)ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဘော်လီဘော (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲတွင် အကောင်းဆုံး စပေးဘော ဆု၊ အကောင်းဆုံးပင့်ထောင်ဆု၊ အကောင်းဆုံးရိုက်ခုတ်ဆု၊ အကောင်းဆုံးပိတ်ဆို့ဆု၊ အကောင်းဆုံးခုခံဆယ်မဆု၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆု ရရှိကြသူများကို ဆုတံဆိပ်နှင့် ဆုငွေကျပ် တစ်သိန်းစီ ချီးမြှင့်သည်။

ဆက်လက်၍ ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ဘော်လီဘော (အမျိုးသမီး) ပြိုင်ပွဲ ဒုတိယဆုရ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပထမဆုရပြည်ထဲရေးဝန်ကြီးဌာနအသင်းကို ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က လည်းကောင်း၊ ဘော်လီဘော (အမျိုးသား)ပြိုင်ပွဲ ဒုတိယဆုရပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ပထမဆုရ ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ကလည်းကောင်း ဆုများချီးမြှင့်သည်။




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပိုက်ကျော်ခြင်း(အမျိုးသား)ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို ဆုချီးမြှင့်စဉ်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ပိုက်ကျော်ခြင်း (အမျိုးသား)ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးပြီး ဒုတိယဆုရ ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံကလည်းကောင်း၊ ပထမဆုရ ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကလည်းကောင်း ဆုများချီးမြှင့်သည်။

| ၁၀၈။ | လ ၁၄၈၆၇၂ | ရဲတပ်ကြပ်ကြီး | ကျော်ယဉ်ထွေး | ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၀၉။ | လ ၁၅၃၇၇၅ | ရဲတပ်ကြပ်ကြီး | ရွှေသိန်း | ကချင်ပြည်နယ်ရဲတပ်ဖွဲ့ |
| ၁၁၀။ | လ ၁၅၃၇၉၂ | ရဲတပ်ကြပ်ကြီး | စိုးရ | မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၁၁။ | လ ၁၅၉၈၁၇ | ရဲတပ်ကြပ်ကြီး | စိန်လှ | စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၁၂။ | လ ၁၆၂၂၅၅ | ရဲတပ်ကြပ်ကြီး | စန္ဒာဦး | မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၁၃။ | လ ၁၆၃၉၇၂ | ရဲတပ်ကြပ်ကြီး | လိန်ဟုန်း | မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၁၄။ | လ ၁၇၁၀၅၃ | ရဲတပ်ကြပ်ကြီး | မျိုးမြင့် | အမှတ်(၃)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ |
| ၁၁၅။ | လ ၁၇၂၉၁၉ | ရဲတပ်ကြပ်ကြီး | ထွန်းထွန်းလင်း | အမှတ်(၃)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ |
| ၁၁၆။ | လ ၁၈၂၃၃၈ | ရဲတပ်ကြပ်ကြီး | ဝင်းထိုက် | ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |

စာမျက်နှာ ၁၂ သို့ »»»

»»» **စာမျက်နှာ ၁၁ မှ**

| | | | |
|---|---|---|---|
| ၁၁၇။ လ ၁၈၃၃၈၉ | ရဲတပ်ကြပ်ကြီး | အေးကျော်သာ | အမှတ်(၃)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ |
| ၁၁၈။ လ ၁၈၃၈၈၀ | ရဲတပ်ကြပ်ကြီး | သိန်းထွန်း | စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၁၉။ လ ၁၈၇၈၃၇ | ရဲတပ်ကြပ်ကြီး | တင်အောင်သိန်း | ကချင်ပြည်နယ်ရဲတပ်ဖွဲ့ |
| ၁၂၀။ လ ၁၈၇၉၂၂ | ရဲတပ်ကြပ်ကြီး | သောင်းထိုက်အောင် | ယာဉ်ထိန်းရဲတပ်ဖွဲ့ |
| ၁၂၁။ လ ၁၈၈၇၂၂ | ရဲတပ်ကြပ်ကြီး | သန်းမင်း | မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၂၂။ လ ၁၉၃၁၇၁ | ရဲတပ်ကြပ်ကြီး | ကျော်ထင်ဇော် | စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၂၃။ လ ၁၉၈၀၄၈ | ရဲတပ်ကြပ်ကြီး | မျိုးမင်းသန့် | အမြန်လမ်းမကြီးရဲတပ်ဖွဲ့ |
| ၁၂၄။ လ ၁၉၉၇၄၁ | ရဲတပ်ကြပ်ကြီး | မြင့်လွင် | စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၂၅။ လ ၂၀၀၆၀၆ | ရဲတပ်ကြပ်ကြီး | တင်လင်းအောင် | မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၂၆။ လ ၂၁၄၆၂၆ | ရဲတပ်ကြပ်ကြီး | ဇော်လင်းထွန်း | ကရင်ပြည်နယ်ရဲတပ်ဖွဲ့ |
| ၁၂၇။ လ ၂၁၅၂၇၄ | ရဲတပ်ကြပ်ကြီး | အောင်နိုင်ဝင်း | စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၂၈။ လ ၂၁၆၅၈၉ | ရဲတပ်ကြပ်ကြီး | မျိုးဇော်ထွန်း | စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၂၉။ လ ၂၁၈၁၇၉ | ရဲတပ်ကြပ်ကြီး | မြတ်ကိုကိုအောင် | ယာဉ်ထိန်းရဲတပ်ဖွဲ့ |
| ၁၃၀။ လ ၂၂၀၇၈၈ | ရဲတပ်ကြပ်ကြီး | အောင်မိုးထွန်း | အမှတ်(၃)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ |
| ၁၃၁။ လ ၂၂၂၁၁၂ | ရဲတပ်ကြပ်ကြီး | မြတ်မင်းဦး | ယာဉ်ထိန်းရဲတပ်ဖွဲ့ |
| ၁၃၂။ လ ၂၂၉၁၅၇ | ရဲတပ်ကြပ်ကြီး | ဖြိုးဝေထွန်း | အမှတ်(၃)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ |
| ၁၃၃။ လ ၂၄၂၈၆၇ | ရဲတပ်ကြပ်ကြီး | ဆန်းဝင်း | ရေကြောင်းရဲတပ်ဖွဲ့ |
| ၁၃၄။ လ ၂၄၅၆၂၁ | ရဲတပ်ကြပ်ကြီး | သက်ထွန်း | သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ |
| ၁၃၅။ လ ၁၁၉၈၅၄ | ရဲတပ်ကြပ် | မြင့်အုန်း | အမြန်လမ်းမကြီးရဲတပ်ဖွဲ့ |
| ၁၃၆။ လ ၁၂၇၂၈၀ | ရဲတပ်ကြပ် | ကျော်စိုး | မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၃၇။ လ ၁၄၃၈၆၀ | ရဲတပ်ကြပ် | ကျော်လင်း | မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၃၈။ လ ၁၆၅၉၆၂ | ရဲတပ်ကြပ် | သန်းခိုင်ဦး | ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၃၉။ လ ၁၆၉၆၉၉ | ရဲတပ်ကြပ် | ကျော်သူရအောင် | အမြန်လမ်းမကြီးရဲတပ်ဖွဲ့ |
| ၁၄၀။ လ ၁၇၂၂၁၄ | ရဲတပ်ကြပ် | ကျော်မိုးထွန်း | စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၄၁။ လ ၁၇၂၅၈၉ | ရဲတပ်ကြပ် | မျိုးကျော်သူ | နေပြည်တော်ရဲတပ်ဖွဲ့ |
| ၁၄၂။ လ ၁၇၄၄၃၁ | ရဲတပ်ကြပ် | တင်လှိုင်မိုး | ကချင်ပြည်နယ်ရဲတပ်ဖွဲ့ |
| ၁၄၃။ လ ၁၇၅၁၃၀ | ရဲတပ်ကြပ် | ဝင်းဇော်ဌေး | အမှတ်(၁)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ |
| ၁၄၄။ လ ၁၇၅၈၅၄ | ရဲတပ်ကြပ် | စံထွန်း | အမြန်လမ်းမကြီးရဲတပ်ဖွဲ့ |
| ၁၄၅။ လ ၁၇၇၀၃၃ | ရဲတပ်ကြပ် | စိုးသင်း | စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၄၆။ လ ၁၇၉၅၂၇ | ရဲတပ်ကြပ် | မင်းမင်းဦး | တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၄၇။ လ ၁၈၂၆၅၆ | ရဲတပ်ကြပ် | အောင်မျိုးမင်း | စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၄၈။ လ ၁၈၂၈၆၇ | ရဲတပ်ကြပ် | အောင်ဇော်လင်း | မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၄၉။ လ ၁၈၃၇၇၉ | ရဲတပ်ကြပ် | ဟုန်းကီး | ချင်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၁၅၀။ လ ၁၈၅၆၆၁ | ရဲတပ်ကြပ် | ဇင်မင်းလတ် | စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၅၁။ လ ၁၉၃၂၄၇ | ရဲတပ်ကြပ် | ရာသက်မောင် | ကချင်ပြည်နယ်ရဲတပ်ဖွဲ့ |
| ၁၅၂။ လ ၂၀၀၀၉၂ | ရဲတပ်ကြပ် | သန်းထွန်းနိုင် | စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၅၃။ လ ၂၀၀၅၅၉ | ရဲတပ်ကြပ် | ကျော်ဝင်းမောင် | မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၅၄။ လ ၂၀၂၈၂၀ | ရဲတပ်ကြပ် | တင်မိုးလှိုင် | အမှတ်(၁)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ |
| ၁၅၅။ လ ၂၀၄၁၆၅ | ရဲတပ်ကြပ် | စိုင်းထက်နိုင်ထွန်း | တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၅၆။ လ ၂၀၅၅၁၀ | ရဲတပ်ကြပ် | ဆန်းထွန်း | အမြန်လမ်းမကြီးရဲတပ်ဖွဲ့ |
| ၁၅၇။ လ ၂၀၆၉၁၁ | ရဲတပ်ကြပ် | နေမျိုးထွန်း | မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၅၈။ လ ၂၀၈၃၃၀ | ရဲတပ်ကြပ် | အောင်ဇင်ဌေး | တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၅၉။ လ ၂၁၂၅၃၇ | ရဲတပ်ကြပ် | စနေသာ | စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၆၀။ လ ၂၁၃၅၃၇ | ရဲတပ်ကြပ် | ဘူထန်းဘူ | မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၆၁။ လ ၂၁၄၃၁၆ | ရဲတပ်ကြပ် | နေအောင် | မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၆၂။ လ ၂၁၅၆၅၇ | ရဲတပ်ကြပ် | သူရဇော် | ကချင်ပြည်နယ်ရဲတပ်ဖွဲ့ |
| ၁၆၃။ လ ၂၁၇၃၉၈ | ရဲတပ်ကြပ် | လင်းလင်း | စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၆၄။ လ ၂၁၇၄၁၆ | ရဲတပ်ကြပ် | ဌေးလင်းအောင် | ကယားပြည်နယ်ရဲတပ်ဖွဲ့ |
| ၁၆၅။ လ ၂၁၈၂၂၃ | ရဲတပ်ကြပ် | အောင်နိုင်ဝင်း | မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၆၆။ လ ၂၂၀၁၁၇ | ရဲတပ်ကြပ် | တင်ထွန်းအောင် | မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၆၇။ လ ၂၂၃၃၆၉ | ရဲတပ်ကြပ် | လွင်မော်ထူး | အမှတ်(၃)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ |
| ၁၆၈။ လ ၂၂၃၄၀၁ | ရဲတပ်ကြပ် | ဝင်းဇော်ထူး | အမှတ်(၃)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ |
| ၁၆၉။ လ ၂၂၃၉၉၆ | ရဲတပ်ကြပ် | ထွန်းဝင်းခိုင် | နေပြည်တော်ရဲတပ်ဖွဲ့ |
| ၁၇၀။ လ ၂၂၅၅၆၈ | ရဲတပ်ကြပ် | သက်နိုင်ထွန်း | အမှတ်(၃)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ |
| ၁၇၁။ လ ၂၂၆၀၄၇ | ရဲတပ်ကြပ် | ခင်ဇော်လတ် | မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ |
| ၁၇၂။ လ ၂၂၇၆၅၈ | ရဲတပ်ကြပ် | နေမျိုးအောင် | တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၇၃။ လ ၂၄၁၅၉၅ | ရဲတပ်ကြပ် | ဖြိုးကျော်ထက်ညီ | မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ |
| ၁၇၄။ လ ၂၄၄၀၇၀ | ရဲတပ်ကြပ် | ပြည့်ဖြိုးနောင် | မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၇၅။ လ ၂၄၅၆၄၃ | ရဲတပ်ကြပ် | မိုးမိုး | သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ |
| ၁၇၆။ လ ၂၄၅၆၄၅ | ရဲတပ်ကြပ် | ကျော်ဝင်းသိန်း | သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ |
| ၁၇၇။ လ ၂၄၇၂၂၇ | ရဲတပ်ကြပ် | ကျော်သန်းဝင်း | မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၇၈။ လ ၂၆၂၁၂၈ | ရဲတပ်ကြပ် | မျိုးထက်ဦး | စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၇၉။ မ ၂၅၃၃၀ | မီးသတ်တပ်ကြပ် | နေလင်းအောင် | မီးသတ်ဦးစီးဌာန |
| ၁၈၀။ လ ၁၅၈၄၅၅ | ရဲဒုတိယတပ်ကြပ် | ကြည်တင့် | စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၈၁။ လ ၁၈၀၇၄၄ | ရဲဒုတိယတပ်ကြပ် | ရဲဗိုလ် | ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၈၂။ လ ၁၈၀၈၇၁ | ရဲဒုတိယတပ်ကြပ် | စန်းအောင် | ကချင်ပြည်နယ်ရဲတပ်ဖွဲ့ |
| ၁၈၃။ လ ၁၈၅၆၇၄ | ရဲဒုတိယတပ်ကြပ် | ယဉ်မင်း | မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၈၄။ လ ၁၉၅၄၃၅ | ရဲဒုတိယတပ်ကြပ် | တင်မျိုးဝင်း | ကချင်ပြည်နယ်ရဲတပ်ဖွဲ့ |
| ၁၈၅။ လ ၂၀၇၅၃၂ | ရဲဒုတိယတပ်ကြပ် | မျိုးမင်း | မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၈၆။ လ ၂၀၉၇၃၇ | ရဲဒုတိယတပ်ကြပ် | ထွန်းထွန်းဝင်း | ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၈၇။ လ ၂၁၃၈၇၆ | ရဲဒုတိယတပ်ကြပ် | အောင်မျိုး | ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၁၈၈။ လ ၂၁၇၅၈၆ | ရဲဒုတိယတပ်ကြပ် | အောင်မျိုးဝင်း | စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၈၉။ လ ၂၁၈၄၄၀ | ရဲဒုတိယတပ်ကြပ် | ပြည့်ဖြိုးသန်း | မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၉၀။ လ ၂၂၂၉၄၄ | ရဲဒုတိယတပ်ကြပ် | ပြည့်စုံအောင် | ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၉၁။ လ ၂၂၇၀၂၅ | ရဲဒုတိယတပ်ကြပ် | အောင်သူရ | ကချင်ပြည်နယ်ရဲတပ်ဖွဲ့ |
| ၁၉၂။လ ၂၂၇၄၁၃ | ရဲဒုတိယတပ်ကြပ် | ဝေဖြိုးထွန်း | စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၉၃။ လ ၂၂၈၅၅၄ | ရဲဒုတိယတပ်ကြပ် | ကီးဟုန်းလိန်း | အမှတ်(၃)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ |
| ၁၉၄။ လ ၂၂၈၅၆၉ | ရဲဒုတိယတပ်ကြပ် | ဇင်ဇင်ကို | မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၉၅။ လ ၂၃၀၇၀၉ | ရဲဒုတိယတပ်ကြပ် | မျိုးဇော် | စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၉၆။ လ ၂၃၁၃၅၆ | ရဲဒုတိယတပ်ကြပ် | အောင်မျိုးကိုကို | ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၉၇။ လ ၂၃၁၄၆၄ | ရဲဒုတိယတပ်ကြပ် | ပေါ်ဦး(ခ)လပြည့်မင်း | စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၁၉၈။ လ ၂၃၂၁၇၂ | ရဲဒုတိယတပ်ကြပ် | ဇေလတ်နောင် | အမှတ်(၁)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ |
| ၁၉၉။ လ ၂၃၂၅၉၂ | ရဲဒုတိယတပ်ကြပ် | ကျော်သူဟိန်းစိုး | အမှတ်(၃)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ |
| ၂၀၀။ လ ၂၃၅၉၁၀ | ရဲဒုတိယတပ်ကြပ် | ကြည်ဦး | အမှတ်(၃)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ |
| ၂၀၁။ လ ၂၃၆၇၉၀ | ရဲဒုတိယတပ်ကြပ် | ထွန်းနိုင်စိုး | စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၂၀၂။ လ ၂၃၇၄၉၁ | ရဲဒုတိယတပ်ကြပ် | ထွန်းလင်း | အမှတ်(၃)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ |
| ၂၀၃။ လ ၂၃၈၃၂၁ | ရဲဒုတိယတပ်ကြပ် | ဟန်စိုးဆက် | စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၂၀၄။ လ ၂၃၈၉၅၇ | ရဲဒုတိယတပ်ကြပ် | စစ်ငြိမ်းအေး | မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၂၀၅။ လ ၂၃၉၄၈၂ | ရဲဒုတိယတပ်ကြပ် | သန့်ဇင်ဖြိုး | စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၂၀၆။ လ ၂၃၉၉၆၄ | ရဲဒုတိယတပ်ကြပ် | စည်သူဝင်း | ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၂၀၇။ လ ၂၄၀၉၆၄ | ရဲဒုတိယတပ်ကြပ် | ဇင်မင်းထွန်း | ကချင်ပြည်နယ်ရဲတပ်ဖွဲ့ |
| ၂၀၈။ လ ၂၄၂၇၈၆ | ရဲဒုတိယတပ်ကြပ် | ငွေ့ထွန်းထန် | ချင်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၂၀၉။ လ ၂၄၃၁၀၈ | ရဲဒုတိယတပ်ကြပ် | မျိုးထွန်း | စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၂၁၀။ လ ၂၄၅၈၅၀ | ရဲဒုတိယတပ်ကြပ် | ကျော်သိန်း | သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ |
| ၂၁၁။ လ ၂၄၆၀၀၀ | ရဲဒုတိယတပ်ကြပ် | စိုးအောင် | ချင်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၂၁၂။ လ ၂၄၆၈၀၁ | ရဲဒုတိယတပ်ကြပ် | ထွန်းအောင်ကျော် | စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၂၁၃။ လ ၂၄၉၅၆၃ | ရဲဒုတိယတပ်ကြပ် | အောင်ကိုလတ် | မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၂၁၄။ လ ၂၅၀၇၅၅ | ရဲဒုတိယတပ်ကြပ် | ဝေလျှံဖြိုး | ရေကြောင်းရဲတပ်ဖွဲ့ |
| ၂၁၅။ လ ၂၅၁၂၉၄ | ရဲဒုတိယတပ်ကြပ် | အောင်လင်းထွန်း | ကချင်ပြည်နယ်ရဲတပ်ဖွဲ့ |
| ၂၁၆။ လ ၂၅၁၉၄၈ | ရဲဒုတိယတပ်ကြပ် | သန်းထွန်းအောင် | စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၂၁၇။ လ ၂၅၄၆၂၂ | ရဲဒုတိယတပ်ကြပ် | ဆလိုင်းစိုးအောင်သူဝင်း | ချင်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၂၁၈။ လ ၂၅၅၁၄၃ | ရဲဒုတိယတပ်ကြပ် | အောင်မင်း | ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၂၁၉။ လ ၂၅၈၈၇၄ | ရဲဒုတိယတပ်ကြပ် | ဝင်းမော်ဦး | ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၂၂၀။ လ ၂၅၉၇၂၅ | ရဲဒုတိယတပ်ကြပ် | ပြည့်ဖြိုးမောင် | အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ |
| ၂၂၁။ လ ၂၆၀၃၆၆ | ရဲဒုတိယတပ်ကြပ် | ကောင်းထက်ကိုကို | ယာဉ်ထိန်းရဲတပ်ဖွဲ့ |
| ၂၂၂။ လ ၂၆၀၆၆၇ | ရဲဒုတိယတပ်ကြပ် | စည်သူ | အမှတ်(၃)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ |
| ၂၂၃။ လ ၂၆၂၀၇၃ | ရဲဒုတိယတပ်ကြပ် | မိုးမင်းလှိုင် | စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၂၂၄။ လ ၂၆၂၂၄၆ | ရဲဒုတိယတပ်ကြပ် | မင်းမြညို | မွန်ပြည်နယ်ရဲတပ်ဖွဲ့ |
| ၂၂၅။ လ ၂၆၄၄၃၉ | ရဲဒုတိယတပ်ကြပ် | ပန်းအိလင်း | မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၂၂၆။ လ ၂၆၆၆၉၆ | ရဲဒုတိယတပ်ကြပ် | သက်နိုင်ဦး | ယာဉ်ထိန်းရဲတပ်ဖွဲ့ |
| ၂၂၇။ လ ၂၆၆၈၈၉ | ရဲဒုတိယတပ်ကြပ် | အောင်သူ | အမှတ်(၃)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ |
| ၂၂၈။ လ ၂၆၆၉၇၁ | ရဲဒုတိယတပ်ကြပ် | အောင်သူမိုး | စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၂၂၉။ လ ၂၆၇၅၆၄ | ရဲဒုတိယတပ်ကြပ် | အောင်လင်းသန်း | ချင်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၂၃၀။ လ ၂၆၉၂၅၉ | ရဲဒုတိယတပ်ကြပ် | မနားထန်း | ချင်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၂၃၁။ လ ၂၇၀၅၄၈ | ရဲဒုတိယတပ်ကြပ် | အောင်ချမ်းမင်း | မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၂၃၂။ လ ၂၇၂၃၅၆ | ရဲဒုတိယတပ်ကြပ် | အောင်ကို | ကချင်ပြည်နယ်ရဲတပ်ဖွဲ့ |
| ၂၃၃။ လ ၂၇၂၅၂၉ | ရဲဒုတိယတပ်ကြပ် | မင်းအောင် | အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ |
| ၂၃၄။ လ ၂၇၃၃၇၆ | ရဲဒုတိယတပ်ကြပ် | သန်းလွင်ထွန်း | ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၂၃၅။ လ ၂၇၅၄၁၈ | ရဲဒုတိယတပ်ကြပ် | သကြိုန်အောင် | ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၂၃၆။ လ ၂၇၈၄၂၂ | ရဲဒုတိယတပ်ကြပ် | ပြည့်ဖြိုးဝေ | ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၂၃၇။ လ ၂၈၀၇၇၂ | ရဲဒုတိယတပ်ကြပ် | ပိုင်စိုးခန့် | စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| ၂၃၈။ လ ၂၈၂၂၆၄ | ရဲဒုတိယတပ်ကြပ် | ဆွင်းခန့်ခိုင် | ချင်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၂၃၉။ လ ၂၈၃၆၆၇ | ရဲဒုတိယတပ်ကြပ် | အောင်ဇော်ဖြိုး | အမှတ်(၃)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ |
| ၂၄၀။ လ ၂၈၄၀၃၃ | ရဲဒုတိယတပ်ကြပ် | ဇင်မောင်မောင် | အမှတ်(၃)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ |
| ၂၄၁။ လ ၂၈၄၉၉၅ | ရဲဒုတိယတပ်ကြပ် | နိုင်နိုင်လတ် | အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ |
| ၂၄၂။ လ ၂၈၅၅၇၇ | ရဲဒုတိယတပ်ကြပ် | ဖွဲ့ဝင့်မာန် | အမှတ်(၃)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ |
| ၂၄၃။ လ ၂၈၅၈၅၀ | ရဲဒုတိယတပ်ကြပ် | တင်မောင်ဆွေ | အမှတ်(၃)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ |
| ၂၄၄။ လ ၂၈၇၅၉၅ | ရဲဒုတိယတပ်ကြပ် | ဖြိုးရာဇာမင်း | အမှတ်(၃)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ |
| ၂၄၅။ လ ၂၈၇၅၉၈ | ရဲဒုတိယတပ်ကြပ် | အောင်မျိုးမင်း | အမှတ်(၃)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ |
| ၂၄၆။ လ ၂၈၇၆၀၇ | ရဲဒုတိယတပ်ကြပ် | ပြည့်ဖြိုးနိုင် | အမှတ်(၃)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ |
| ၂၄၇။ လ ၂၈၈၀၃၀ | ရဲဒုတိယတပ်ကြပ် | မနားဆင်ရှင်း | အမှတ်(၃)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ |
| ၂၄၈။ လ ၂၈၈၂၁၆ | ရဲဒုတိယတပ်ကြပ် | ကောင်းပြည့်စုံ | အမှတ်(၃)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ |
| ၂၄၉။ လ ၂၈၈၅၇၆ | ရဲဒုတိယတပ်ကြပ် | မျိုးမင်းသူ | အမှတ်(၃)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ |
| ၂၅၀။ လ ၂၉၀၅၅၆ | ရဲဒုတိယတပ်ကြပ် | ကျော်စိုးလှိုင် | ကယားပြည်နယ်ရဲတပ်ဖွဲ့ |
| ၂၅၁။ လ ၂၉၁၃၅၅ | ရဲဒုတိယတပ်ကြပ် | အောင်အောင် | အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ |
| ၂၅၂။ လ ၂၉၁၈၂၂ | ရဲဒုတိယတပ်ကြပ် | အောင်နိုင် | အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ |
| ၂၅၃။ လ ၂၂၅၂၀၀ | ရဲတပ်သား | ဇော်မင်းဦး | စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ |

**(ဆက်လက်ဖော်ပြပါမည်)**

(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

# အချုပ်အခြာအာဏာပိုင် မြန်မာ

**ဦးခင်မောင်ဆွေ(NDF)**

လွတ်လပ်တဲ့ အချုပ်အခြာပိုင် မြန်မာကို အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲအောင် ဖျက်ဆီးဖို့ ကြံစည်နေတဲ့ ပြင်ပနိုင်ငံအချို့နဲ့ အဖွဲ့အစည်းတွေရဲ့ ထောင်ချောက်ထဲ ပြည်သူတွေ မကျရောက်အောင် သတိမူနိုင်ဖို့ ဒီစာကိုရေးပါတယ်။ ဇာတိပုညဂုဏ်မာနနဲ့ နေခဲ့တဲ့မြန်မာဟာ နှစ်ပေါင်းထောင်ချီ ကြာခဲ့ပါပြီ။ ဒါကြောင့် မြန်မာဆိုတာ ခုမှ ပေါ်ပေါက်လာတာ မဟုတ်ပါဘူး။ ဗုဒ္ဓပွင့်တော်မူချိန် ဘီစီ (၆၀၀) ဝန်းကျင်ထဲက ရှိခဲ့ပြီဖြစ်တယ်။ မြို့ပြနိုင်ငံတွေအဖြစ်ကတော့ ပျူတွေကစပါတယ်။” ဒါကြောင့် ပျူမြို့ပြနိုင်ငံတွေဟာ ဘီစီ (၄၀၀) ကျော်လောက်ကတည်းက မြန်မာတနံတလျား ရှိနေခဲ့တယ်။ သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်းရဲ့ မှတ်တမ်းအရ ပျူမြို့ပြတွေဟာ အနောက်နဲ့မြောက်၊ အရှေ့နဲ့တောင်မှာသာမက ကမ်းရိုးတန်းဒေသတွေမှာပါ ပင်လယ်ပျူမြို့ပြရယ်လို့ ရှိခဲ့ကြောင်း ဆိုညွှန်းထားပါတယ်။ ဟန်လင်း၊ မိုင်းမော၊ ဗိဿနိုးနဲ့ သရေခေတ္တရာ စတာတွေကတော့ အထင်ရှားဆုံး ပျူမြို့ပြတွေပဲလို့ ပြောရပါမယ်။ ပျူစစ်ရင် ဗမာပဲဆိုတဲ့ ဆရာကြီး ဒေါက်တာသန်းထွန်း အဆိုအရ မြန်မာပြည်အနှံ့ များပြားလှတဲ့ မြို့ပြပျူလူ့အဖွဲ့အစည်းဟာ နောင်အခါ ဗမာလူ့အဖွဲ့အစည်းအဖြစ် ဆက်လက်တည်ရှိနေခဲ့တယ်လို့ ဆိုလိုတာဖြစ်တယ်။ ဒါကြောင့် မြန်မာပြည်မှာ ဗမာဟာ လူများစုဖြစ်နေရတဲ့အကြောင်းပဲလို့ ဆိုနိုင်ပါတယ်။

အစဉ်အဆက် မြန်မာ့အာဏာ ဖြန့်ကြက်မှုနဲ့ ပတ်သက်လို့ဆိုရရင် ရခိုင်ဘုရင်တွေ ဘုန်းမီးနေလတောက်စဉ်က အခု ကာလကတ္တားနယ်အထိ အာဏာချဲ့ထွင်ခဲ့တယ်။ အုပ်စိုးခဲ့တယ်။ ဒါကြောင့် အရှေ့ဘင်္ဂလားကို ဗုဒ္ဓသာသနာ ပြန့်ပွားချိန်ကစပြီး ရခိုင်ပြည်မှာ ဗုဒ္ဓဘာသာကို ဆောင်ယူကိုးကွယ်ခဲ့တာ ယနေ့တိုင်ပါပဲ။ တကောင်းပြည်ကစလို့ ဗမာတွေရဲ့ ပုဂံမြို့ပြနိုင်ငံအဖြစ် အတည်တကျဖြစ်လာခဲ့ချိန် အနော်ရထာခေတ်မှာ အာသံ၊ မဏိပူရ၊ ကသည်းနယ်တွေအထိ အုပ်ချုပ်ခဲ့တယ်။ ဘုရင့်နောင်ဟာလည်း အယုဒ္ဓယ (ထိုင်း) ကို ချီတက်သိမ်းပိုက်ခဲ့တယ်။ ကုန်းဘောင်ခေတ်မှာ မြန်မာဟာ ပြည်ပစစ်တွေကို အောင်နိုင်ခဲ့သလို တရုတ်ကျူးကျော်စစ်တွေကိုလည်း နိုင်အောင် တွန်းလှန်ခဲ့တယ်။ ကွမ်လုံနဲ့ ဗန်းမော်ကြောင်းချီ တရုတ်စစ်တွေ သုံးကြိမ်သုံးခါရှုံးခဲ့လို့ တရုတ်ဘုရင်ခံ မိမိကိုယ်ကို အဆုံးစီရင် ခဲ့တယ်။ တရုတ်တပ်မှူးတွေလည်း ကွပ်မျက်ခံရတာ သမိုင်းမှာ ရှိခဲ့တယ်။ ဟိုစဉ်က တရုတ်စစ်ကို ကြံ့ကြံ့ခံတွန်းလှန်ခဲ့တဲ့ ဗမာတပ်မှူး တိမ်ကြားမင်းခေါင်နဲ့ မဟာသီဟသူတို့ဟာ ရာဇဝင်ပြောင်အောင် စွမ်းဆောင်ခဲ့ကြတယ်။ ဒါတွေဟာ အမျိုးသားရေး သွေးနီခဲ့တဲ့ မှတ်တမ်းတွေပဲ။ မြန်မာ့ အချုပ်အခြာအာဏာ လက်လွှတ်မဆုံးရှုံးရအောင် သွေးနဲ့ရေးတဲ့ မှတ်တမ်းတွေပဲ။

လွတ်လပ်ရေးသမိုင်းမှာလည်း နယ်ချဲ့နဲ့ ဖက်ဆစ်ကို တော်လှန်ခဲ့တဲ့ မြန်မာလူမျိုးပေါင်းစုံရဲ့ သွေးတွေဟာ ရဲရဲနီခဲ့တယ်။ ကိုယ့်မြေကိုထိရင် မချိအောင်နာတတ်တဲ့ တိုင်းချစ်၊ ပြည်ချစ်၊ မျိုးချစ်စိတ်တွေက ဗီဇသွေးထဲမှာ ကိန်းအောင်းလျက်ရှိတာကို ဘယ်သူမေ့မလဲ။ ဘိုးဘွားတွေရဲ့ အသက်သွေးချွေးနဲ့ စတေးရယူခဲ့တဲ့ မြန်မာ့လွတ်လပ်ရေးကြီးကို ဘယ်သူမေ့မလဲ။ ဘယ်မြန်မာပြည်သား ဘယ်လူမျိုးကများ မေ့နိုင်မှာတဲ့လဲ။ ၁၈၅၂ ခုနှစ် ဖြစ်ခဲ့တဲ့ အင်္ဂလိပ်–မြန်မာ ဒုတိယအကြိမ် နယ်ချဲ့ကျူးကျော်စစ်တုန်းက ဖားရှေ့ကျော်မှာ ရှမ်းအမျိုးသမီး တပ်ဗိုလ်တွေ ဓားလွတ်ကိုင်ပြီး နယ်ချဲ့တပ်ကို မြင်းတပ်နဲ့ တိုက်ခဲ့တာရော မေ့လို့ရမတဲ့လား။ ဒါတွေဟာ မြန်မာ့ဇာတိသွေးရဲ့သမိုင်း၊ မြန်မာ့အချုပ်အခြာအာဏာကို ကာကွယ်တဲ့သမိုင်းပဲ။ ခုခါကျမှ သွေးနဲ့ရေးခဲ့ရတဲ့ မြန်မာ့အမျိုးသားလွတ်လပ်ရေးသမိုင်းကို အရိုင်းခံရတော့မှာလား။ မြန်မာကို ဖြိုခွဲမယ့်အကြံ ခံရတော့မှာလား။ ဒို့ခေတ်ကျမှ ညံ့ကြတော့မှာလား။ စဉ်းစားကြပါ။ ဒါကြောင့် ဇာတိသွေးကိုပြဖို့ တိုင်းချစ်ပြည်ချစ်စိတ်ကိုပြဖို့ မြန်မာတွေညီကြပါစို့။ ဒီနေရာမှာ အလျဉ်းသင့်လို့ နိုင်ငံတကာနိုင်ငံရေးနဲ့ပတ်သက်ပြီး တစ်ဆက်တည်းတင်ပြရရင် လူ့သိက္ခာ၊ လူ့တန်ဖိုးနဲ့ ငြိမ်းချမ်းရေး၊ ညီညွတ်ရေးဆိုတဲ့ နိုင်ငံတကာ တရားမျှတမှုကို စောင့်ရှောက်ဖို့ ကုလသမဂ္ဂဆိုတာ ရှိနေပါတယ်။ ခုအခါမှာ ဒီအဖွဲ့ကြီးဟာ နိုင်ငံတကာ ဗိုလ်ကျစိုးမိုးမှုကို လက်ပိုက်ကြည့်နေရမယ့် အချိန်မဟုတ်တော့ပါဘူး။ ဒါကြောင့် သမိုင်းရဲ့မှန်ကန်တဲ့ဘက်မှာ ရပ်ဖို့လိုပါတယ်။ နိုင်ငံကြီးတွေရဲ့ ကစားပွဲနေရာအဖြစ်မခံဘဲ နိုင်ငံရေး ဟိရိဩတ္တပ္ပတရားအပြည့်နဲ့ နိုင်ငံတကာစည်းမျဉ်းများကို ကာကွယ်ထိန်းသိမ်းသူအဖြစ် မြင်လိုကြပါတယ်။

ဒါကြောင့် မြန်မာဟာ နိုင်ငံခြားရေးမူဝါဒမှာ ဖော်ပြတဲ့အတိုင်း နိုင်ငံရေး ဂုဏ်သိက္ခာအပြည့်နဲ့ ရပ်တည်နေတာဖြစ်တယ်။ ဆက်လက်ပြီး နိုင်ငံတကာနဲ့ ဒေသဆိုင်ရာ အဖွဲ့အစည်းတွေအတွင်း စစ်မှန်တဲ့ ကိုယ်စားပြုမှုနဲ့ နိုင်ငံတကာ တရားမျှတမှုတွေအတွက် လျှောက်လှမ်းနေမှာလည်းဖြစ်တယ်။ အခုဆိုရင် မြန်မာ့လွတ်လပ်ရေးဟာ (၇၄) နှစ်တိုင်ခဲ့ပါပြီ။ နောက်နှစ်ဆို လွတ်လပ်ရေးစိန်ရတု အခါသမယကို ရောက်ပါတော့မယ်။ အမိမြေကို ကာကွယ်ခဲ့ကြတဲ့ မြန်မာမျိုးချစ်သူရဲကောင်းတွေ၊ ဒီမြေအတွက် အသက်ပေးခဲ့ကြတဲ့ တိုင်းရင်းသားခေါင်းဆောင်ကြီးတွေ၊ လွတ်လပ်ရေးဖခင်ကြီးတွေ အသက်သွေးနဲ့ ပေးဆပ်ခဲ့တဲ့ အချုပ်အခြာအာဏာ လွတ်လပ်ရေး အဓွန့်ရှည်ရေးကို ရည်မျှော်ပြီး

- အသက်အိုးအိမ် ဆုံးရှုံးနေရတဲ့ အပြစ်မဲ့ပြည်သူတွေအတွက် အကြမ်းဖက်မှုအပါအဝင် နိုင်ငံသားအချင်းချင်း စစ်ခင်းနေမှုတွေကို ရပ်တန်းကရပ်သင့်ပါပြီ။
- အမိမြေကို ဖြိုခွဲပြီး သစ္စာဖောက်တဲ့ သမိုင်းတရာခံတွေအဖြစ် မရောက်ကြစေရေးနဲ့။
- ပြင်ပပယောဂတွေကို နိုင်ငံရေးသတိရှိရှိနဲ့ ဖယ်ရှားပြီး ပြည်သူတစ်ရပ်လုံး အေးချမ်းတည်ငြိမ်စွာ အသက်ဝမ်းကျောင်းနိုင်ရေး အလေးပေးဆောင်ရွက်နိုင်စေကြောင်း လွတ်လပ်ရေး ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

## သူ့တေးသံ

❖ ရွှေရည်တောက်၍

မိုးသောက်လင်းစ- ကွန့်မြူးစေ။

❖ ရင်မှရှင်မြူး၊ တေးသံဦးနှင့်

တစ်ကူးတစ်ကန့်၊ လည်ချီဆန့်၍

ဖြန့်ဖြူးဝေငှ- ၄က်ညီမြ။

❖ လယ်နားယာနား၊ သူ့တေးသွားသည်

အကြွားလည်းကင်း၊ အချင်းလည်းပြည့်

အသိလည်းပွား၊ ဆင်းရဲသားတို့

ရွှေနားစိမ့်စိမ့်၊ တငြိမ့်ငြိမ့်တည့်

သိမ့်သိမ့်ဟစ်ကြွေး- ငြိမ်းချမ်းရေး။

❖ မောင်နှံလည်ယှက်

အသက်ပေးဝေ၊ လွတ်လပ်မွေဟု

ဤမြေထူးသန့်၊ ခရီးပြန့်ကို

အနံ့ရောက်ကာ၊ ဆင်းသက်ကာလျှင်

မေတ္တာစိုးမိုး၊ ဝမ်းစာဖြိုးအောင်

ရွှေချိုးပြာလေး ကူနိုင်စွ။ ။

(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုလျက်။

**တက်လူ**

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လမ်း/တံတား ဆောက်လုပ်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပဲခူးမြစ်ကူး သန်လျင်တံတားအမှတ် (၃) တည်ဆောက်နေသည့် စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိပြီး တံတားတည်ဆောက်ရေးတာဝန်ခံနှင့် တံတားဦးစီးဌာန စီမံကိန်းတာဝန်ခံအင်ဂျင်နီယာချုပ်တို့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ကျန်လုပ်ငန်းများ စီမံချက်အတိုင်း သတ်မှတ်ချိန်အတွင်း ပြီးစီးရေး၊ စံချိန်စံညွှန်းပြည့်မီရေးတို့ကို အထူးဂရုပြု ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဒလတံတားတည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိပြီး တံတားကြီးအချိန်မီပြီးစီးရေးအတွက် တာဝန်ယူဆောင်ရွက်သော ကုမ္ပဏီများအနေဖြင့် လုပ်ငန်းစီမံချက်အတိုင်း ဆောင်ရွက်ရန်လိုကြောင်း၊ ကိုဗစ်–၁၉ ရောဂါကြောင့် လုပ်ငန်းကြန့်ကြာမှုအပေါ် ထိခိုက်မှုကို ပြန်လည်အစားထိုးမည့် စီမံချက် ကြိုတင်ရေးဆွဲထားရန်နှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို အထူးဂရုပြုဆောင်ရွက်ရေး သက်ဆိုင်ရာကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် မှာကြားသည်။



ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဒလမြစ်ကူးတံတားတည်ဆောက်နေသည့် လုပ်ငန်းခွင်၌ ရေလည်တိုင်ဘိုးပိုင်များ၊ ဆင်ခြေလျှောတံတားဘိုးပိုင်များပြီးစီးမှုနှင့် ဒလဘက်ခြမ်း ချဉ်းကပ်တံတား ဘိုးပိုင်များ ဆက်လက်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဒလတံတားသည် စုစုပေါင်းအရှည် ၁၈၆၇ မီတာ၊ အကျယ် ၂၆ ဒသမ ၅ မီတာ၊ လေးလမ်းသွားသံမဏိကြိုးဆိုင်းတံတားဖြစ်ပြီး တံတားခံနိုင်ဝန် ၇၅ တန် ဖြစ်ကြောင်း၊ စုစုပေါင်းပြီးစီးမှု ၂၉ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ)သို့ ရောက်ရှိပြီး အဆောက်အဦဦးစီးဌာန၊ လမ်းဦးစီးဌာန၊ တံတားဦးစီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ တာဝန်ထမ်းဆောင်ကြရန် လိုအပ်ကြောင်း၊ ပါတီနိုင်ငံရေး ကင်းရှင်းကြရန်နှင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် သတ်မှတ် စည်းကမ်းချက်များနှင့်အညီ နေထိုင်ကြရန် မှာကြားသည်။

ဆက်လက်၍ ရန်ကုန်မြောက်ပိုင်းခရိုင် Max Myanmar B.O.T Company မှ ဆောင်ရွက်နေသည့် အမှတ် (၃)လမ်းမကြီး မိုင်တိုင် (၀/၀ – ၉/၂) အတွင်း လမ်းတိုးချဲ့နေမှုကို ကြည့်ရှုစစ်ဆေးပြီး လမ်းနယ်နိမိတ်ဆိုင်ရာကိစ္စရပ်များကို သတ်မှတ်စည်းကမ်းအတိုင်း လိုက်နာရေး စီမံဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေကာ အကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် ဇန်နဝါရီ ၃

ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေကာ အကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ မချောစုနှင့် မသဲအိဖြူ (ခ)သဲစုတို့က လှိုင်သာယာမြို့နယ်နေ မ xxx၊ ၁၃ နှစ်ကို ခြိမ်းခြောက်၍ ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေကာ အကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် သောင်ကြီးနယ်မြေရဲစခန်း (ပ)၈/၂၀၁၉၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/ ၃၂ဖြင့် အမှုရေးဖွင့်ခဲ့ပြီး မြောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲ တင်ပို့ခဲ့ရာ ဒီဇင်ဘာ ၂၉ ရက်တွင် တရားခံ မချောစုနှင့် မသဲအိဖြူ (ခ)သဲစုတို့ကို လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်းသိရသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြောင်းတကာကျေးရွာနေ ဒေါ်မြမြသန်းက ၎င်းအလှပြင်ဆိုင်တွင် အလုပ်လုပ်ကိုင်နေသော မ xxx ၊ ၁၅ နှစ်ကို ခြိမ်းခြောက်၍ မှော်ဘီမြို့ မြောင်းတကာစက်မှုဇုန်နေ တရုတ်နိုင်ငံသား ဝမ်ဆွင့်ဟုန်နှင့် ပြည့်တန်ဆာအဖြစ် ဆက်ဆံရန် အဓမ္မခိုင်းစေကာ အကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် မှော်ဘီမြို့မရဲစခန်း (ပ)၅၇၇/၂၀၂၀၊လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/ ၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး မြောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၂၉ ရက်တွင် တရားခံ ဒေါ်မြမြသန်းကို လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ ခင်ခင်(ခ)အကြင်နာက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ မ xxx ၊ ၂၃ နှစ်ကို အိမ်ဖော်အဖြစ် အလုပ်လုပ်ကိုင်ရန် စည်းရုံးပြောဆို၍ ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေကာ အကျိုးအမြတ်များအား ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် လှိုင်သာယာမြို့မရဲစခန်း (ပ)၁၄၃၃/၂၀၁၉၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/ ၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး မြောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၂၉ ရက်တွင် တရားခံ ခင်ခင်(ခ) အကြင်နာကို လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများနှင့် ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေသူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် ဇန်နဝါရီ ၃

အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများနှင့် ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေ၍ ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်သူများအား အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ငပုတောမြို့နယ် အမှတ်(၂)ရပ်ကွက်နေ မရွှေစင် (ခ) ရွှေစင်ဝင်း(မိ)၊ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နေ ထွန်းလင်း(ခ) မိုးမိုး(မိ)၊ လှိုင်သာယာမြို့နယ်နေ မချိုမာ(ခ) ခင်မိုးသူ(မိ)နှင့် မမိငယ် (တိမ်းရှောင်)တို့က လှိုင်သာယာမြို့နယ်နေ မxxx၊ ၃၁ နှစ်ကို တရုတ်နိုင်ငံသားနှင့် တစ်နှစ်ပေါင်းသင်းပါက ငွေကျပ်သိန်း ၂၀ ရရှိမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်အမျိုးသားတစ်ဦးထံ ပို့ဆောင်ရောင်းစားခဲ့သဖြင့် လှိုင်သာယာမြို့မရဲစခန်း(ပ) ၁၃၂၇/၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး မြောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၃၁ ရက်တွင် တရားခံ မရွှေစင်(ခ) ရွှေစင်ဝင်းနှင့် ထွန်းလင်း (ခ)မိုးမိုးတို့ကိုလည်းကောင်း။

သရက်မြို့နယ်နေ မxxx၊ ၂၂ နှစ်ကို မုံရွာမြို့ နန္ဒဝန်ရပ်ကွက်နေ ကောင်းထက်စံ (ခ) မုန်ကြီး (ခ)ကောင်းချစ်စံ(မိ)၊ လိပ်စာတူ မအိသန္တာဖြိုး (ခ) မအိ(ခ)ကုလားမ(မိ)နှင့် အောင်လံမြို့နေသူ မခိုင် (တိမ်းရှောင်) တို့က ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေပြီး ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ဘားအံမြို့မရဲစခန်း(ပ)၁၇၈/၂၀၂၁၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ဘားအံခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၃၀ ရက်တွင် တရားခံ ကောင်းထက်စံ(ခ)မုန်ကြီး (ခ)ကောင်းချစ်စံနှင့် မအိသန္တာဖြိုး (ခ)မအိ(ခ)ကုလားမ တို့ကိုလည်းကောင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကျွန်းစုနှင့် ကျောက်တံခါးမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၃

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁ ရက် ညနေ ၅ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် မြေနီတောင်ကျေးရွာ အနီးတွင် အမျိုးသားတစ်ဦး(စိစစ်ဆဲ) ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရန်ရပ်တန့်ခိုင်းစဉ် အဆိုပါအမျိုးသားမှာ အထုပ်တစ်ထုပ်ကို ပစ်ချထွက်ပြေးသွားသောကြောင့် ပူးပေါင်းအဖွဲ့က ဖွင့်ဖောက်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၀၀ ကိုလည်းကောင်း၊ ဇန်နဝါရီ ၂ ရက် ညနေ ၆ နာရီတွင် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မင်းတန်းကျေးရွာ အနီးတွင် ဌေးဝင်းကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၈၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။**ရဲပြန်ကြား**

# ကျောက်မဲမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့၌ ငွေကျပ် ၇၇၄ သိန်းတန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း ဆိုဒီယမ်ဆိုင်ယာနိုက် ၁၄ တန်ကျော် သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၃

ကျောက်မဲမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့တွင် ငွေကျပ် ၇၇၄ သိန်းတန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း ဆိုဒီယမ်ဆိုင်ယာနိုက် ၁၄ တန်ကျော် သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၃၀ ရက် ညနေ ၆ နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့အဝင် အိုရီယမ်တယ်တိုးဂိတ် အနီးတွင် သိန္နီမှ မန္တလေးသို့ အောင်ဇော်ဦး မောင်းနှင်ပြီး သန်းဝင်း လိုက်ပါလာသည့် ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်တွင် ထိန်းချုပ်ဓာတုပစ္စည်း ဆိုဒီယမ်ဆိုင်ယာနိုက် ၆ ဒသမ ၉ တန် သိမ်းဆည်းရမိခဲ့ကြောင်း စစ်ဆေးဖော်ထုတ်ချက်များအရ ဒီဇင်ဘာ ၃၁ ရက် နံနက် ၆ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် လားရှိုး-မန္တလေးသွားကားလမ်း မိုင်တိုင်အမှတ် (၄၇/၄၈) ကြားတွင် နောင်ချိုမှ ပြင်ဦးလွင်ဘက်သို့ ရန်ဖြိုးအောင် (ခ)မောင်ကြီး မောင်းနှင်ပြီး ထက်အာကာ (ခ) ကိုထက် လိုက်ပါလာသည့် ယာဉ်ကို ရှာဖွေရာ အလားတူ ထိန်းချုပ်ဓာတုပစ္စည်း ဆိုဒီယမ်ဆိုင်ယာနိုက် ၇ ဒသမ ၁၅ တန် ထပ်မံ သိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း တန်ဖိုးငွေကျပ် ၇၇၄ သိန်းတန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း ဆိုဒီယမ်ဆိုင်ယာနိုက် ၁၄ တန်ကျော် သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ လေးဦးအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



အောင်ဇော်ဦးနှင့် သန်းဝင်းတို့ကို သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်း ဆိုဒီယမ်ဆိုင်ယာနိုက်များနှင့်အတူ တွေ့ရစဉ်။



ရန်ဖြိုးအောင်နှင့် ထက်အာကာတို့ကို သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်း ဆိုဒီယမ်ဆိုင်ယာနိုက်များနှင့်အတူ တွေ့ရစဉ်။



# နှစ်သစ်တွင် မြန်မာပြည်ကြီး ငြိမ်းချမ်းပါစေ

**မောင်သောင်းဝင်း(တမန်ဟောင်း)**

မကြာသေးမီအချိန်ကပင် နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ ကမ္ဘာ့လူသားအားလုံးသည် ၂၀၂၁ ခုနှစ်အတွင်း အခက်အခဲမျိုးစုံကိုကြုံတွေ့ခဲ့ရသည်။ ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီးကြောင့် လူသားများစွာ အသက်ဆုံးရှုံးခဲ့ရသည်။ စီးပွားရေး၊ပညာရေး၊လူမှုရေး စသည့်လုပ်ငန်းများစွာ နှောင့်နှေးကြန့်ကြာခဲ့ရသည်။ ဓနအင်အားကြွယ်ဝသောနိုင်ငံများတွင် တတိယအကြိမ်အထိ ကိုဗစ်-၁၉ ကာကွယ်ဆေး လွှမ်းခြုံထိုးနှံနိုင်ပြီဖြစ်သော်လည်း ဆင်းရဲတွင်းနက်နေသောနိုင်ငံများတွင်မူ နိုင်ငံသားတိုင်း ကာကွယ်ဆေးထိုးနှံခွင့်ရရှိရေးအတွက် ရုန်းကန်နေရဆဲဖြစ်သည်။ တစ်ကမ္ဘာလုံးတွင် ကာကွယ်ဆေးလွှမ်းခြုံ ထိုးနှံနိုင်မှသာလျှင် ကိုဗစ်-၁၉ ရောဂါကို ကျော်လွှားနိုင်မည်ဖြစ်သည်။ ထိုကာလအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီးနှင့် အတူယှဉ်တွဲနေထိုင်ရေးအတွက် ကြိုးပမ်းသွားကြရန် လိုအပ်ပေသည်။

### ကာကွယ်ဆေးထိုးနှံခွင့်ရရှိ

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံသူ နိုင်ငံသားများသည် ကံကောင်းသည်ဟု ဆိုချင်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကောင်းမွန်သောစီမံခန့်ခွဲမှုများကြောင့် ဆရာတော်၊ သံဃာတော်များ၊ သီလရှင်များ၊ အကျဉ်းသားများ၊ သက်ကြီးရွယ်အိုများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေးဘဲ ဦးတည်အုပ်စုများအလိုက် ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်ကြိမ်အထိ ထိုးနှံပြီးဖြစ်သည်။ ထို့အပြင် အခြေခံပညာကျောင်းများတွင်လည်း အသက် (၁၂) နှစ်အထက် ကျောင်းသား ကျောင်းသူများကို ကိုဗစ်-၁၉ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံထားပြီး ဖြစ်သည်။ အလားတူဇန်နဝါရီလအတွင်း တက္ကသိုလ်ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင်လည်း တက္ကသိုလ်ကျောင်းသား ကျောင်းသူများကို ကာကွယ်ဆေးထိုးနှံသွားရန် ကြိုတင်စီမံပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဦးတည်အုပ်စုများ၏ ၅၀ ရာခိုင်နှုန်းကျော်အထိ ကာကွယ်ဆေးထိုးနှံနိုင်ရန် ရည်မှန်းဆောင်ရွက်ခဲ့ရာ စင်စစ်အားဖြင့် နိုင်ငံတော်အစိုးရသည် အခက်အခဲပေါင်းစုံများကြားမှပင်လျှင် ပြည်သူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်အောင် စီမံဆောင်ရွက်နိုင်ခဲ့သည်။

### ခေတ္တထိန်းသိမ်းခဲ့ရ

အမှန်တော့ တပ်မတော်သည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲများတွင် ကြီးမားသော မဲစာရင်းမှားယွင်းမှုများဖြစ်ပေါ်ခဲ့သဖြင့် တည်ဆဲအစိုးရ၊ လွှတ်တော်နှင့် ရွေးကောက်ပွဲကော်မရှင်တို့အား ဖြေရှင်းပေးရန် အကြိမ်ကြိမ်တောင်းဆိုခဲ့သော်လည်း တာဝန်ယူဖြေရှင်းခြင်းမရှိဘဲ လျစ်လျူရှုခဲ့ကြသည်။ ထို့အပြင်အာဏာရပါတီသည် တတိယအကြိမ်လွှတ်တော်များခေါ်ယူပြီး အစိုးရဖွဲ့စည်းကာ နိုင်ငံတော်အာဏာကို အတင်းအဓမ္မရယူရန်ပင် ကြိုးစားလာခဲ့သည်။ ထို့ကြောင့်တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ အရေးပေါ်အခြေအနေကြေညာပြီး တိုင်းပြည်အာဏာကို ခေတ္တထိန်းသိမ်းခဲ့ရသည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် ဒီမိုကရေစီစနစ်ဆက်လက်ရှင်သန်ထွန်းကားစေရန်ပင်ဖြစ်သည်။ အထူးသဖြင့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်တို့ဖြင့် တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိသည်။

> **မကြာသေးမီအချိန်ကပင် နှစ်သစ်သို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ နှစ်သစ်တွင် ပြည်သူအားလုံးသည် လောဘ၊ ဒေါသ၊ မာန်မာနများ လျှော့ချပြီး မေတ္တာ၊ စေတနာ၊ ကရုဏာ၊ မုဒိတာစိတ်များ ထားရှိကာ အကောင်းဆုံးကြိုးပမ်းသွားမည်ဆိုလျှင် တိုင်းပြည်အတွင်း၌ ဝမ်းနည်းဖွယ်ရာများ၊ နာကြည်းဖွယ်ရာများ၊ နောင်တရဖွယ်ရာဖြစ်စဉ်များ လျှော့နည်းလာမည်ဖြစ်**

### ကမ်းကုန်အောင်မိုက်သူများ

သို့သော် ထိုအချိန်မှစ၍ CRPH၊ NUG၊ PDF များနှင့် NLD ထောက်ခံသူအစွန်းရောက်များသည် နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်မှုမှန်သမျှကို ဆန့်ကျင်ရေးလုပ်ခဲ့ကြသည်။ တိုင်းပြည်အလုံးစုံပျက်စီးရေးအတွက် နည်းလမ်းပေါင်းစုံသုံးကာ နှောင့်ယှက်တိုက်ခိုက်လာကြသည်။ ကလေးငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများနှင့် သံဃာတော်များကိုပင်လျှင် ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြသည်။ ကျေးရွာများ၊ အစိုးရစာသင်ကျောင်းများနှင့် ရုံးများကို ဗုံးခွဲ၊ မီးရှို့တိုက်ခိုက်ကြသည်။ လမ်းတံတားများကို ဖျက်ဆီးကြသည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး တာဝန်ထမ်းဆောင်နေသူများကိုပင်လျှင် ပစ်ခတ်တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ကြသည်။ မျိုးဆက်သစ်များကို ပညာသင်ကြားပေးနေသည့် ဆရာ ဆရာမများကိုလည်း ခြိမ်းခြောက်ပစ်ခတ်သတ်ဖြတ်လာကြသည်။ ပုံမှန်ကျောင်းတက်နေသော ဆရာ ဆရာမများနှင့် ရုံးတက်နေသော အချို့ဝန်ထမ်းများကိုလည်း အသက်အန္တရာယ်ခြိမ်းခြောက်လျက်ရှိသည်။

သာဓကအနေဖြင့် ၁၉၉၀ ပြည့်လွန်နှစ်များက စာရေးသူ တာဝန်ထမ်းဆောင်ခဲ့သော ကယားပြည်နယ်တွင် PDF အမည်ခံအကြမ်းဖက်သမားများနှင့် NLD အစွန်းရောက်များ၏အန္တရာယ်ကြောင့် ဒေသခံပြည်သူများသည် ရောင်းရေးဝယ်တာလုပ်ငန်းများအတွက် လွိုင်ကော်နှင့် ဖားဆောင်းကို အလွယ်တကူသွားလာနိုင်ခြင်း မရှိတော့ပေ။ အမှန်တော့ ကယားတိုင်းရင်းသားတို့သည် ပင်ကိုသဘောသဘာဝအရ ရိုးသားဖြူစင်ပြီး အေးချမ်းစွာနေထိုင်လုပ်ကိုင် စားသောက်လေ့ရှိကြသည်။ သို့သော် တိုင်းပြည်ဖျက်ဆီးလိုသည့် အကြမ်းဖက်သမားများ၏ သွေးထိုးလှုံ့ဆော်မှုများ၊ ဝါဒမှိုင်းတိုက်အရောင်ဆိုးမှုများကြောင့် တချို့သောတိုင်းရင်းသားများသည် အဖျက်အမှောင့်လုပ်ငန်းများတွင် ရည်ရွယ်ချက်မရှိဘဲ ပါဝင်ဆောင်ရွက်လာကြသည်။ ရိုးသားဖြူစင်သော တိုင်းရင်းသားများသည် အစွန်းရောက် နိုင်ငံရေးသမားများ၏ အသုံးချခံဖြစ်လာကြသည်ကို တွေ့မြင်နေရသည်။

### အေးချမ်းစွာနေထိုင်လို

အမှန်တော့ ဒီမိုကရေစီစနစ်တွင် လွတ်လပ်စွာပြောဆိုရေးသားခွင့်၊ ဆန္ဒဖော်ထုတ်ခွင့်နှင့် သဘောထားကွဲလွဲခွင့်များရှိသော်လည်း မိမိနှင့်အမြင်မတူသူများကို ရန်သူအဖြစ်သဘောထားပြီး သတ်ဖြတ်ခြင်း၊ မီးရှို့ခြင်း၊ ဗုံးခွဲခြင်း၊ မိုင်းထောင်ခြင်းနှင့် နိုင်ငံတော်ယန္တရားများကို နှောင့်ယှက်ခြင်းသည် ဒီမိုကရေစီနှင့် ဆန့်ကျင်သောလုပ်ရပ်များပင်ဖြစ်သည်။ မည်သည့်ဒီမိုကရေစီနိုင်ငံတွင်မျှ အကြမ်းဖက်သတ်ဖြတ်သည့် လုပ်ရပ်ကိုလက်မခံဘဲ လူသားဆန်သောအပြုအမူကိုသာ လက်ခံလေ့ရှိကြသည်။ အလားတူ မြန်မာနိုင်ငံတွင်လည်း တပ်မတော်နှင့် ပြည်သူသည် CRPH၊ NUG၊ PDF အပါအဝင်အစွန်းရောက် NLD အကြမ်းဖက်သမားများ၏အဖျက်အမှောင့်လုပ်ရပ်များကို လုံးဝလက်ခံသွားမည်မဟုတ်ချေ။ အကြမ်းဖက်သမားများကို မြန်မာ့မြေပေါ်မှ အပြီးတိုင်ချေမှုန်းတိုက်ခိုက်သွားမည်မှာ သံသယဝင်ရန်ပင်မလိုချေ။

စင်စစ်အားဖြင့် နိုင်ငံတစ်ဝန်းရှိပြည်သူအားလုံးသည် အေးချမ်းစွာနေထိုင်လုပ်ကိုင်စားသောက်လိုကြသည်။ မိဘများသည် ရင်သွေးငယ်များကို ကျောင်းသို့ စိတ်ချလက်ချစေလွှတ်ချင်သည်။ အေးချမ်းစွာ ပညာသင်ယူခွင့်ရရှိစေလိုသည်။ တက္ကသိုလ်များ ဖွင့်လှစ်နိုင်ရေးအတွက်လည်း မျှော်လင့်နေကြပြီဖြစ်သည်။ တည်ငြိမ်အေးချမ်းမှု၏အနှစ်သာရကို ခံစားလိုသဖြင့် အကြမ်းဖက်သမားများ၏လုပ်ရပ်အပေါ် စက်ဆုပ်လျက်ရှိနေကြပြီဖြစ်သည်။

### နှစ်သစ်တွင် မြန်မာပြည်ကြီး ငြိမ်းချမ်းပါစေ

ဆိုရလျှင် မကြာသေးမီအချိန်ကပင် နှစ်သစ်သို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ နှစ်သစ်တွင် ပြည်သူအားလုံးသည် လောဘ၊ ဒေါသ၊ မာန်မာနများလျှော့ချပြီး မေတ္တာ၊ စေတနာ၊ ကရုဏာ၊ မုဒိတာစိတ်များထားရှိကာ အကောင်းဆုံးကြိုးပမ်းသွားမည်ဆိုလျှင် တိုင်းပြည်အတွင်း၌ ဝမ်းနည်းဖွယ်ရာများ၊ နာကြည်းဖွယ်ရာများ၊ နောင်တရဖွယ်ရာဖြစ်စဉ်များ လျှော့နည်းလာမည်ဖြစ်ပေသည်။ အထူးသဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးတည်ဆောက်သည့် လုပ်ငန်းစဉ်များတွင် ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုများအကြား မတူကွဲပြားမှုများကို စုပေါင်းလျက် ခွန်အားတစ်ရပ်အဖြစ် အသုံးချသွားမည်ဆိုလျှင် အနာဂတ်တွင် တည်ငြိမ်အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်သွားနိုင်မည်ဖြစ်သည်။

အထူးသဖြင့်မေတ္တာတရားသည် အရာအားလုံးကို လွှမ်းမိုးနိုင်စွမ်းရှိပါသည်။ ထို့ကြောင့် နှစ်သစ်တွင် တိုင်းရင်းသားပြည်သူအချင်းချင်း တစ်ဦးနှင့်တစ်ဦး မေတ္တာထားသွားကြရန် လိုအပ်မည်ဖြစ်သည်။ သို့မှသာလျှင် ခေတ်သစ်ကိုလိုနီများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် အစိုင်အခဲဖြစ်နေသည့် အချင်းချင်းအမြင်လွဲမှားနေမှုများ၊ ပဋိပက္ခများ၊ စစ်ပွဲများကို ရှောင်ရှားနိုင်မည်ဖြစ်သည်။ အမှန်တော့ တိုင်းရင်းသားညီအစ်ကိုများအကြား ဆင်းရဲ၊ ချမ်းသာ၊ ပညာတတ်၊ ပညာမဲ့၊ ရာထူးကြီး/ငယ်၊ ဇာတ်နိမ့်၊ ဇာတ်မြင့်၊ လူမျိုးရေး၊ ဘာသာရေး မခွဲခြားဘဲ မေတ္တာအရင်းခံဖြင့်သာ ဆက်ဆံသွားမည်ဆိုလျှင် အေးချမ်းသာယာသော ပြည်ထောင်စုကြီးကို ဧကန်မုချတည်ဆောက်နိုင်မည်ဖြစ်သည်။ ထိုသို့ဆိုလျှင် ကျွန်ုပ်တို့ပြည်ထောင်စုကြီးသည် ကမ္ဘာတည်သရွေ့ ထာဝစဉ်အေးချမ်းသာယာနေမည်ဖြစ်သည်။ ထို့ကြောင့် နှစ်သစ်တွင် နိုင်ငံသူနိုင်ငံသားအားလုံး အဖျက်အမှောင့်အန္တရာယ်များမှ ကင်းဝေးပြီး မြန်မာပြည်ကြီး ငြိမ်းချမ်းပါစေဟု အကြိမ်ကြိမ်ဆန္ဒပြုလိုက်ရပါသည်။ ။

## ထန်းတပင်မြို့၌ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြပွဲပြိုင်ပွဲ ကျင်းပ

**ထန်းတပင် ဇန်နဝါရီ ၃**

(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကလေးပြပွဲပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ထန်းတပင်မြို့ သီရိမင်္ဂလာခန်းမ၌ ကျင်းပကြောင်း သိရသည်။

ကလေးပြပွဲပြိုင်ပွဲသို့ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စီစီစိုးဦးနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြည့်ရှုအားပေးကြပြီး ကလေးငယ်များအား ကစားစရာများ ပေးအပ်ခဲ့သည်။

ပြိုင်ပွဲဝင်ကလေးငယ်များအား ဆရာဝန်၊ သူနာပြုများနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များက မွေးစာရင်းရရှိမှု၊ ခန္ဓာကိုယ်ဖွံ့ဖြိုးမှု၊ ဆေးစစ်ချက်၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ အသိဉာဏ်ဖွံ့ဖြိုးမှု၊ ကာကွယ်ဆေးထိုးနှံမှု၊ ကာကွယ်ဆေးထိုးနှံမှုမှတ်တမ်းရရှိမှု၊ ကျွမ်းကျင်သူနှင့် မွေးဖွားမှုနှင့် ကိုယ်အလေးချိန်တိုင်းတာခြင်းမှတ်တမ်း ရရှိမှု စသည်တို့ဖြင့် စစ်ဆေးယှဉ်ပြိုင်ပြီး ဒေါက်တာခင်သူသူအောင်က ကလေးငယ်များ၏ ကျန်းမာရေးများကို စစ်ဆေးပေးသည်။

ကလေးပြိုင်ပွဲတွင် မွေးကင်းစမှ ခြောက်လအထိ ကလေးပြိုင်ပွဲ၊ ခြောက်လမှ တစ်နှစ်အထိပြိုင်ပွဲ၊ တစ်နှစ်မှ နှစ်နှစ်အထိပြိုင်ပွဲနှင့် အမြွှာကလေးပြိုင်ပွဲများ ပါဝင်ပြီး ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုရရှိသော ကလေးငယ်များအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

ကိုလွင်(ဆွာ)



# ရေဦးမြို့နယ် ပလူဇာဝတိုက်နယ်ဆေးရုံမှ ရေဦးမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်မည့်ဆေးဝါးများ သယ်ဆောင်လာသည့် လူနာတင်ယာဉ် နှစ်စီးကို PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်သဖြင့် လူနာတင်ယာဉ်တစ်စီးပျက်စီးကာ ကျန်းမာရေးဝန်ထမ်းနှစ်ဦး ထိခိုက်ဒဏ်ရာရ

**နေပြည်တော် ဇန်နဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ပလူဇာဝ တိုက်နယ်ဆေးရုံမှ ဘုတလင်မြို့နယ် ပြည်သူ့ ဆေးရုံသို့ ဆေးဝါးများသယ်ဆောင်လာသည့် လူနာ တင်ယာဉ်နှစ်စီးကို PDF အမည်ခံ အကြမ်းဖက် သမားများက မိုင်းဆွဲတိုက်ခိုက်သဖြင့် လူနာ တင်ယာဉ် တစ်စီး ပျက်စီးကာ ကျန်းမာရေးဝန်ထမ်း နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**လက်လုပ်မိုင်းနှစ်လုံးဖြင့်ဖောက်ခွဲ**

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ PDF အမည်ခံအကြမ်းဖက်သမားများ၏ အစွန်း ရောက် အယူဝါဒများဖြင့် လုပ်ကြံသတ်ဖြတ်မှု များကြောင့် ပလူဇာဝတိုက်နယ်ဆေးရုံကို ယာယီ ရုပ်သိမ်းခဲ့ပြီး အဆိုပါဆေးရုံရှိ ဆေးဝါးများကို ရေဦးမြို့ ပြည်သူ့ဆေးရုံသို့ ဇန်နဝါရီ ၂ ရက်တွင် ကုန်တင်ကားတစ်စီးဖြင့် တင်ဆောင်၍ ကနီ-ကနဲ ကားလမ်းအတိုင်း ပို့ဆောင်ပေးခဲ့ရာ ရေဦးမြို့နယ် ပြည်သူ့ဆေးရုံမှ ယာဉ်မောင်းများဖြစ်ကြသည့် ရေဦးမြို့ အောင်ဆန်းရပ်ကွက်၊ ဆေးရုံဝန်ထမ်း အိမ်ရာနေသူများဖြစ်သည့် ဦးလှိုင်ဝင်းယု(၄၄)နှစ် (ဘ)ဦးအာယုနှင့် ဦးပြည့်စုံမောင် (၂၂)နှစ် (ဘ) ဦးကံဝင်းမောင်၊ ဆေးရုံလုပ်သားများဖြစ်သည့် ဦးပေါ်ရှမ်းမှောင်(၃၉)နှစ် (ဘ)ဦးထန်ဇာတွဲ၊ ဦးဖြိုးဝေဇော်(၂၅)နှစ် (ဘ)ဦးဇော်ထွန်းဦးတို့



ဦးလှိုင်ဝင်းယု (ဒဏ်ရာရ)နှင့် ဦးပေါ်ရှမ်းမှောင် (ဒဏ်ရာရ)။




PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်ခဲ့မှုကြောင့် ဆေးဝါးများ သယ်ဆောင်လာသည့် လူနာတင်ယာဉ် တစ်စီး ပျက်စီးခဲ့မှုမှတ်တမ်းဓာတ်ပုံ။

လေးဦးသည် ဆေးရုံပိုင် လူနာတင်ယာဉ် နှစ်စီးဖြင့် ဘုတလင်မြို့နယ် လွဲတဲကျေးရွာ "မင်းကျော်အောင်" ဆီဆိုင်အနီး၌ ညနေ ၆ နာရီ ၅ မိနစ်တွင် သွားရောက် လွှဲပြောင်းတင်ဆောင်၍ ရေဦးမြို့နယ် ပြည်သူ့ ဆေးရုံသို့ ထွက်ခွာလာစဉ် ညနေ ၆ နာရီ ၂၅ မိနစ် တွင် ဘုတလင်မြို့နယ် မြောက်ကျီကျေးရွာကျော် အရောက်၌ PDF အမည်ခံအကြမ်းဖက်သမားများက လမ်းဘေးမှ လက်လုပ်မိုင်းနှစ်လုံးဖြင့် ဖောက်ခွဲ တိုက်ခိုက်ခဲ့သဖြင့် ဦးလှိုင်ဝင်းယု မောင်းနှင်လာသည့် SGG 3K-4613 နံပါတ်ပါ လူနာတင်ယာဉ်၏ ယာဘက်ခြမ်း ရှေ့/နောက်ကားဘီးများ ထိမှန် ပျက်စီးခဲ့ပြီး အဆိုပါယာဉ်ပေါ်ပါ ဦးလှိုင်ဝင်းယု၏ နှာခေါင်းရိုးနှင့် ယာပါးတွင်လည်းကောင်း၊ ဦးပေါ်ရှမ်းမှောင်၏ ယာလက်ဖျံ၊ ဦးခေါင်းနောက်စေ့ နှင့် ဝဲရင်အုံတို့တွင်လည်းကောင်း မိုင်းစထိမှန်ဒဏ်ရာ များရရှိခဲ့သဖြင့် ပျက်စီးသွားသည့် လူနာတင်ယာဉ် အား အဆိုပါနေရာ၌ ထားရစ်ခဲ့ကာ ၎င်း၏အနောက်မှ လိုက်ပါလာသည့် ဦးပြည့်စုံမောင် မောင်းနှင်သည့် လူနာတင်ယာဉ်ဖြင့် ဘုတလင်မြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ကာ ဆေးကုသမှုခံယူခဲ့သည်။

**ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး**

ဖြစ်စဉ်တွင် အကြမ်းဖက်သမားများ၏ မိုင်းဆွဲ တိုက်ခိုက်ခဲ့မှုကြောင့် ပျက်စီးကာ ကျန်ရှိခဲ့သည့် ဆေးဝါးများတင်ဆောင်ထားသည့် လူနာတင်ယာဉ် ပြန်လည်ပြင်ဆင် သယ်ဆောင်နိုင်ရေးနှင့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးရမိ နိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

**သတင်းစဉ်**

## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၃**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်မြို့သို့ ပြန်လည် ဝင်ရောက်လာသူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီး လေးဦး စုစုပေါင်း ငါးဦးတို့ကို လက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင် များက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ် ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များ ရှင်းလင်း ပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက် ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ် အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိ သူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စ ရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

## အောက်ဆီဂျင်ပြတ်လပ်မှုမရှိစေရေးအတွက် ပြည်ပနိုင်ငံမှ မှာယူသယ်ဆောင်လာသည့်အောက်ဆီဂျင်တင်မော်တော်ယာဉ်အား KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် ဇန်နဝါရီ ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အလေး အနက်ထား ဆောင်ရွက်လျက် ရှိပြီး အောက်ဆီဂျင်လိုအပ်မှုများ ရှိခဲ့ချိန်နှင့် လက်ရှိအချိန်တွင် ပြည်တွင်း ထုတ်လုပ်မှုများအပြင် ပြည်ပနိုင်ငံများမှ ဝယ်ယူတင် သွင်း ဖြည့်ဆည်းဆောင်ရွက်ပေး လျက်ရှိပြီး လိုအပ်ချက်များ အပေါ်မူတည်၍ တိုင်းဒေသကြီး နှင့် ပြည်နယ်များသို့ ခွဲဝေဖြန့်ဖြူး ပေးခြင်း၊ လူမှုရေးအသင်းအဖွဲ့ များနှင့် ပူးပေါင်း၍ အောက်ဆီဂျင် ထုတ်လုပ် ဖြန့်ဖြူးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

**အကြောင်းမဲ့ပစ်ခတ်**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ထိုင်းနိုင်ငံမှ မှာယူ၍ အောက်ဆီဂျင်အရည် တန် ၂၀ တင်ဆောင်ကာ ကရင်ပြည်နယ် မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသည့် မော်တော် ယာဉ်သည် ယနေ့မွန်းလွဲ ၂ နာရီ ခွဲခန့်တွင် မြဝတီမြို့နယ် အပြင် ကွင်း ကလေးကျေးရွာ၏ အနောက်မြောက်ဘက် မီတာ



KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့က လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့မှုကြောင့် အောက်ဆီဂျင်တင်မော်တော်ယာဉ်ပျက်စီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

၂၀၀၀ ခန့်အကွာသို့ အရောက်၌ KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက် အဖွဲ့များက လက်နက်ငယ်များဖြင့် အကြောင်း မဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

အဆိုပါ ပစ်ခတ်တိုက်ခိုက်မှု ကြောင့် ယာဉ်မောင်း ဦးဇေယျ (ဘ) ဦးခင်လှနှင့် ယာဉ်နောက် လိုက် ဦးအောင်ကြီး(ဘ) ဦးကျော်ဝင်းတို့တွင် လက်နက် ငယ်ကျည် ထိမှန်ဒဏ်ရာ (စိုးရိမ်ရ)များရရှိခဲ့ပြီး မော်တော် ယာဉ်မှာ လေကာမှန်များ ကွဲကြေ ပျက်စီးခဲ့သည်။ အဆိုပါ ဒဏ်ရာရ ရှိသူများကို သင်္ကန်းညိုနောင် လူမှုကူညီရေးအသင်းမှ မော်တော် ယာဉ်ဖြင့် သင်္ကန်းညိုနောင်မြို့ရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင် ဆေးကုသမှု ခံယူစေလျက်ရှိ ကြောင်း သိရသည်။

**ပြစ်တင်ရှုတ်ချ**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွား နေသည့် ကာလအတွင်း ပြည်သူများ၏ ကျန်းမာရေး ကဏ္ဍများတွင် အောက်ဆီဂျင် လိုအပ်ချက် မရှိစေရေး ဆောင်ရွက်ပေးနေသည့် အပေါ် KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက ယခု ကဲ့သို့ လူသားချင်းစာနာ ထောက်ထားမှုမရှိဘဲ အကြမ်းဖက် လုပ်ရပ်များ လုပ်ဆောင် ခဲ့မှုအပေါ် ပြည်သူများက ဝိုင်းဝန်း ပြစ်တင်ရှုတ်ချလျက် ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ ဝင်များအနေဖြင့် လုံခြုံရေး လုပ်ငန်းများနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေး လုပ်ငန်းများကို လိုအပ်သလို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ထိန်ပင်နောက်ဆုံးစွန့်ပစ်အမှိုက်ပုံ လုပ်ငန်းဆောင်ရွက်မှုများနှင့် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်စုပေါင်းရုံးနှင့် ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၃

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးနှင့်အဖွဲ့သည် ယနေ့ နံနက် ၇ နာရီတွင် ထိန်ပင်နောက်ဆုံးစွန့်ပစ်အမှိုက်ပုံ (Final Disposal Site – FDS) သို့ ရောက်ရှိပြီး တာဝန်ရှိသူများကို အမှိုက်စွန့်ပစ်မှုစီမံခန့်ခွဲရေးကို တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် နည်းပညာအသုံးပြုမှုနှင့် လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်လာသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံတကာတွင် စီးပွားရေးလုပ်ငန်းရှင်များက အမှိုက်စွန့်ပစ်မှုစီမံခန့်ခွဲရေးအား တာဝန်ယူဆောင်ရွက်နေသည့် နည်းတူ ထိန်ပင်နောက်ဆုံးအမှိုက်ပုံကိုလည်း စွမ်းအင်ထုတ်လုပ်နိုင်ရေးအတွက် လုပ်ငန်းရှင်များစွာက စိတ်ပါဝင်စားစွာ လာရောက်လေ့လာသည်ကို တွေ့ရှိရသဖြင့် Feasibility Study ဖြစ်နိုင်ခြေလေ့လာမှုများ ဆောင်ရွက်နိုင်ရန် အားပေးစီစဉ်သွားရမည်ဖြစ်ကြောင်း၊ အမှိုက်စွန့်ပစ်မှုလျှော့ချနိုင်ရေးအတွက် ပြည်သူများကို Awareness Campaign အသိပညာပေးခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။



ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ထိန်ပင် FDS အတွင်း မီးသတ်ရေငုတ်တိုင်များ အသုံးပြုနေမှု၊ မြေအောက်ရေမှ Sedimentation၊ Iron နှင့် Carbon အဆင့်ဆင့်သန့်စင်၍ တစ်နာရီလျှင် ရေဂါလန် ၆၂၀၅၀ သန့်စင်ပေးသော သံဓာတ်ဖယ်ရှားသည့်စနစ် တပ်ဆင်ထားရှိမှု၊ အလျား ပေ ၉၆၀၊ အနံ ပေ ၈၈၀၊ အနက် ၁၁ ပေရှိပြီး ရေဂါလန် ၅၈ သန်း သိုလှောင်နိုင်သည့် မိုးရေစုကန်ထိန်းသိမ်းထားမှုနှင့် ကန်ပတ်ဝန်းကျင် သန့်ရှင်းသာယာသပ်ရပ်ရေး ဆောင်ရွက်ထားရှိမှု၊ မိုးရေစုကန်မှ တစ်နာရီလျှင် ရေဂါလန် ၆၅၀၀၀ ခန့် ပေးပို့နိုင်သော 90 kW ရေတင်စက်ဖြင့် မီးသတ်ရေငုတ်များသို့ သွယ်တန်းပေးပို့နေမှု၊ FDS ပတ်လမ်းအတိုင်း အမှိုက်သယ်ယာဉ်များနှင့် ယန္တရားများ ဝင်ထွက်၍ အမှိုက်များ စနစ်တကျစုပုံနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် နံနက် ၉ နာရီတွင် ဒဂုံဧရာအဝေးပြေးယာဉ် ရပ်နားစခန်းသို့ သွားရောက်၍ အနောက်ပတ်လမ်းနှင့် ကျုံပျော်လမ်းအကြား အရှည်ပေ ၁၀၀၀၊ အကျယ် ပေ ၉၀ သဲဖို့မြေ ပြုပြင်ဆောင်ရွက်နေမှုနှင့် ဆက်စပ်လမ်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ရန်ကုန်-ပုသိမ်ကားလမ်းမဘေး ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် အဝင်လမ်းသို့ သွားရောက်၍ မြို့နယ်စုပေါင်းရုံးနှင့် ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေး စီမံကိန်းဝင်းအတွင်း အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)မှ ဆောင်ရွက်နေသော အလျား ပေ ၄၀၊ အနံ ပေ ၄၀၊ အနက် ၁၀ ပေ ရေဂါလန် တစ်သိန်းဆံ့ ရေစုကန်နှင့် ရေတွန်းစက်ရုံတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကရင်ပြည်နယ် လေးကေ့ကော်ဒေသရှိ ကျေးရွာများမှပြည်သူများ ၎င်းတို့ နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်၊ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေး

နေပြည်တော် ဇန်နဝါရီ ၃

ကရင်ပြည်နယ် လေးကေ့ကော် မြို့သစ်တစ်ဝိုက် ရောက်ရှိနေသည့် NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖော်ထုတ်ဖမ်းဆီးခဲ့ရာမှ စတင်၍ KNU/KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားပြီး NCA ကို ပျက်စီးစေလိုသည့် ခေါင်းဆောင်အချို့ ပါဝင်သော အဖွဲ့၊ NUG၊ PDF အမည်ခံ အကြမ်းဖက် အဖွဲ့များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ဒီဇင်ဘာ ၁၅ ရက်မှစတင်၍ ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး အဆိုပါဒေသမှ အပြစ်မဲ့ပြည်သူများ တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည်။



အဆိုပါဒေသတစ်ဝိုက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၂၈ ရက်မှစ၍ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဒေသတည်ငြိမ်အေးချမ်းမှုရှိသည့်အတွက် တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နေသည့် အပြစ်မဲ့ပြည်သူများ ပြန်လည်နေထိုင်နိုင်ရေးအတွက် အသံချဲ့စက်များဖြင့် ကရင်ဘာသာ၊ မြန်မာဘာသာ စကားများဖြင့် ပြန်လည်ဖိတ်ခေါ်ခြင်း၊ ထိုင်း-မြန်မာ နယ်ခြားကော်မတီများမှ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ခြင်းများကြောင့် ထွက်ပြေးတိမ်းရှောင်နေသူများအနက်မှ ယနေ့တွင် အင်ကြင်းမြိုင်၊ မယ်ထော်သလေးနှင့် ဖလူးကြီး ကျေးရွာတို့၌ နေထိုင်သူ အမျိုးသား ၃၉၆ ဦး၊ အမျိုးသမီး ၃၅၅ ဦး စုစုပေါင်း ၇၅၁ ဦးတို့သည် ၎င်းတို့နေရပ်အသီးသီးသို့ ထပ်မံပြန်လည်ဝင်ရောက်လာကြောင်း သိရသည်။

အဆိုပါ ပြန်လည်ဝင်ရောက်လာသူများကို သက်ဆိုင်ရာတာဝန်ရှိသူများက စနစ်တကျ လက်ခံခဲ့ပြီး ထိုသို့ လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေး ဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များနှင့် အခြားလိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မအူပင်မြို့နယ်၌ ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

မအူပင် ဇန်နဝါရီ ၃

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို မြို့နယ်အဆင့် ကျပန်းစကားပြောပြိုင်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မအူပင်မြို့ အထက(၁)ကျောင်း မြတ်ပညာခန်းမ၌ ကျင်းပသည်။

အဆိုပါ ကျပန်းစကားပြောပြိုင်ပွဲအား မအူပင်မြို့နယ်အတွင်းရှိ အခြေခံပညာအလယ်တန်းနှင့်အထက်တန်းကျောင်းများမှ ကျောင်းသားကျောင်းသူ ကိုးဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲခေါင်းစဉ်အား "(၇၄)နှစ်မြောက်မှသည် ထောင်စုနှစ်များဆီဦးတည်စို့"၊ "လွတ်လပ်ရေးနေ့ ထိန်းသိမ်းကြပါစို့" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ကျင်းပရာ မသိမ့်သူအောင် အထက(၂)(ပထမ)ဆု၊ မအိမ့်ထက်သူအောင် အထက(၁) (ဒုတိယ)ဆု၊ မခိုင်နှင်းဦး အထက(၃)(တတိယ)ဆု၊ နော်သော်တာမိုးသွင် လေးအိမ်စု အထက နှစ်သိမ့်ဆု(၁)၊ မယွန်းမီမီအောင် ရွှေတောင်မော် အထက နှစ်သိမ့်ဆု(၂)အဖြစ် ရရှိသည်။

အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးခဲ့ပြီး ဆုရရှိသူများအား (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်မွေးမြူရေးခြံ၌ ပထမအကြိမ် မြန်မာ့ နွား၊ သိုးအလှ၊ နို့စားနွား၊ အသားစားနွား၊ သိုးနှင့် ဆိတ် ပြိုင်ပွဲဖွင့်ပွဲအခမ်းအနား ကျင်းပ



မင်္ဂလာဒုံ ဇန်နဝါရီ ၃

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ပျဉ်းမပင်မွေးမြူရေးခြံ၌ ပထမအကြိမ် နွား၊ သိုး၊ ဆိတ်အလှပြပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်သန်းဦးက လယ်ယာစိုက်ပျိုးရေး လုပ်ငန်းဆောင်ရွက်ရာတွင် မွေးမြူရေး လုပ်ငန်းသည် အဓိကကျပြီး အသား၊ ဥနှင့် နို့ ရရှိရေး ရည်ရွယ်၍ ဆောင်ရွက်ရသည့်လုပ်ငန်းဖြစ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကြည့်မည်ဆိုလျှင် ရန်ကုန်တိုင်းဒေသကြီး၏ နို့စားနွားမွေးမြူရေးလုပ်ငန်းသည် များစွာအောင်မြင်မှုရှိကြောင်း၊ နို့စားနွားမှရရှိသည့် နို့သည် ကလေးငယ်များ ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်မြင့်မားနိုင်ကြောင်း၊ မြန်မာ့နွား၊ သိုးအလှ၊ နို့စားနွား၊ သိုးနှင့် ဆိတ်အလှပြိုင်ပွဲများ ကျင်းပခြင်းဖြင့် အရည်အသွေးမြင့်မားပြီး ထုတ်လုပ်မှု ကောင်းမွန်သည့် ဒေသနွား၊ နို့စားနွား၊ သိုးနှင့် ဆိတ်မျိုးများ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း၊ မွေးမြူရေးသမားအချင်းချင်း အပြန်အလှန် ဆက်သွယ်မှုကွန်ရက်ကျယ်ပြန့်လာပြီး မွေးမြူရေးနည်းပညာများ ဖလှယ်နိုင်ကြောင်း၊ ပြိုင်ပွဲဝင်တိရစ္ဆာန်များ၏ အမူအကျင့်တို့ကို လေ့လာနိုင်ကြောင်း၊ မွေးမြူရေးသမားများ၊ မိမိတိရစ္ဆာန်များကို စနစ်တကျ မွေးမြူခြင်း၏ အသိအပွင့်များကို ခံစားနိုင်ပြီး မွေးမြူရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါပြိုင်ပွဲကို ဇန်နဝါရီ ၂ ရက်မှ ၃ ရက်အထိ နှစ်ရက်ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် နွား၊ သိုး၊ ဆိတ် စုစုပေါင်း ၁၀၄ ကောင် ပြိုင်ပွဲဝင်ကြမည်ဖြစ်ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှသိရသည်။

ဉာဏ်ဟိန်း

# E-Submission စနစ်များအား စတင်အကောင်အထည်ဖော်ပြီးဖြစ်၍ Launching လုပ်သည့်ကိစ္စရပ်များအား သိရှိနိုင်ရန်နှင့် လုပ်ငန်းရှင်များအနေဖြင့် http://esubmission.fda.gov.mm သို့ ဝင်ရောက်လေ့လာကြည့်ရှုနိုင်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန**
**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန **COVID-19 ကာကွယ် ကုသရေး ဆေးဝါးနှင့်ဆေးပစ္စည်းများနှင့်ပတ်သက်၍ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဖြေလျှော့ဆောင်ရွက်မှုများကို ဆေးဝါးအတွက်** အသိပေးကြေညာချက်များအား (၂၂-၇-၂၀၂၁) ရက် နေ့တွင်လည်းကောင်း၊ (၂၇-၇-၂၀၂၁) ရက်နေ့တွင်လည်းကောင်း၊ (၁၃-၈-၂၀၂၁) ရက်နေ့တွင်လည်းကောင်း၊ Molnupiravir Tablet ကို (၁၇-၁၂-၂၀၂၁) ရက်နေ့တွင်လည်းကောင်း စုစုပေါင်း(၄)ကြိမ်၊ **ဆေးပစ္စည်းအတွက်** အသိပေးကြေညာချက်များအား (၂၂-၇-၂၀၂၁) ရက်နေ့တွင်လည်းကောင်း၊ (၁၇-၈ ၂၀၂၁)ရက်နေ့တွင်လည်းကောင်း စုစုပေါင်း (၂)ကြိမ်နှင့် **ကျန်းမာရေးအထောက်အကူပြု အစားအသောက်များ** ဆရာဝန်ညွှန်ကြားချက်မလိုသောဆေးဝါးများနှင့်ပတ်သက်၍ အသိပေးကြေညာချက်များအား (၂၇-၇-၂၀၂၁) ရက်နေ့တွင် (၁)ကြိမ် အများပြည်သူ သိရှိနိုင်ရန်အတွက် FDA ၏ Website (www.fda. gov.mm) နှင့် Food and Drug Administration Myanmar Facebook Page တို့တွင် ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ **E-Submission System** ဆောင်ရွက်မှုကိစ္စနှင့်ပတ်သက်၍ **Food IR** ၏ Launch Date မှာ (၁-၂- ၂၀၂၁)ရက်နေ့တွင်လည်းကောင်း၊ **Medical Device** တွင် IR အတွက် Launch Date (၁-၂-၂၀၂၁) ရက်နေ့တွင်လည်းကောင်း၊ One Time အတွက် Launch Date မှာ(၁-၅-၂၀၂၁) ရက်နေ့တွင်လည်းကောင်း၊ Local Manufacture အတွက် Launch Date မှာ (၂၃-၁၁-၂၀၂၁) ရက်နေ့တွင်လည်းကောင်း၊ Local Product Registration အတွက် Launch Date မှာ (၂၃-၁၁-၂၀၂၁)ရက်နေ့တွင်လည်းကောင်း၊ **Cosmetic** အတွက် IR ၏ Notification Launch Date မှာ (၁-၄-၂၀၂၁)ရက်နေ့တွင်လည်းကောင်း၊ Local(Notification) ၏ Launch Date မှာ (၁-၇-၂၀၂၁) ရက်နေ့တွင်လည်းကောင်း၊ Local Manufacture ၏ Launch Date မှာ (၂၆-၁၁-၂၀၂၁)ရက်နေ့တွင် လည်းကောင်း၊ **Drug system** (DIAC, OneTime) Launch Date မှာ (၈-၁၂-၂၀၂၁) ရက်နေ့တွင်လည်းကောင်း Launching ပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ E-Submission ဆောင်ရွက်ခဲ့သည့်ကိစ္စရပ်များနှင့်ပတ်သက်၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ Trade Facilitation ဆိုင်ရာဆောင်ရွက်မှုအနေဖြင့် (၂၀၂၁)ခုနှစ်၊ ဖေဖော်ဝါရီလမှစတင်ကာ E-Submission စနစ်များအား စတင်အကောင်အထည်ဖော်ပြီးဖြစ်ပါ၍ အဆိုပါ Launching လုပ်သည့်ကိစ္စရပ်များအား သိရှိနိုင်ပါရန်နှင့် လုပ်ငန်းရှင်များအနေဖြင့် FDA ၏ E-Submission Link ဖြစ်သော http://esubmission.fda.gov.mm သို့ ဝင်ရောက်လေ့လာကြည့်ရှုနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များအတိုင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည် -

| | |
|---|---|
| ဆေးဝါးဌာနခွဲ | - ၀၆၇၄၀၃၀၇၃/ ၀၆၇၄၀၃၀၉၁ |
| ဆေးပစ္စည်း၊ အလှကုန်/ လူသုံးကုန်ဌာနခွဲ | - ၀၆၇၄၀၃၄၈၉ |
| အစားအသောက်ဌာနခွဲ | - ၀၆၇၄၀၃၂၅၀ |

Fdanpt1@gmail.com

# စိုက်ပျိုးရေးသိပ္ပံများ ဖွင့်လှစ်မည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**စိုက်ပျိုးရေးဦးစီးဌာန**

## စိုက်ပျိုးရေးသိပ္ပံများ ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံဌာနခွဲ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ စိုက်ပျိုးရေးသိပ္ပံများ၏ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် အောက်ဖော်ပြပါသင်တန်းများ ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | သင်တန်းအမည် | ဖွင့်လှစ်မည့်ရက် |
|---|---|---|
| (က) | ဒုတိယနှစ် (ဒုတိယနှစ်ဝက်) | (၁၀.၁.၂၀၂၂) |
| (ခ) | ပထမနှစ် (ဒုတိယနှစ်ဝက်) | (၁၀.၁.၂၀၂၂) |

၂။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးပြီးပါက ကာကွယ်ဆေးထိုးပြီးကြောင်းကတ်ပြားနှင့်အတူ ကျောင်းအပ်ချိန်တွင် သတင်းပို့ရမည်ဖြစ်ပါသည်။ ကာကွယ်ဆေး မထိုးနှံရသေးပါက ကာကွယ်ဆေးထိုးနှံရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် အမြန်ဆုံးပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။
၃။ အသေးစိတ်အချက်အလက်များအား ဖုန်း ၀၆၇-၃၄၁၀၅၈၈ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**စိုက်ပျိုးရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း (၃/ ၂၀၂၂)ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဇန်နဝါရီ ၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်းစသည့် သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ်(၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆)ပတ်ကြာ သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ သင်တန်းအပတ်စဉ် (၃/ ၂၀၂၂)အား (၁၀-၁-၂၀၂၂)ရက်နေ့မှ(၁၈-၂-၂၀၂၂)ရက်နေ့ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း၀၁-၅၃၆၂၈၀
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်- ၁၆၉၊ ၈၃ လမ်း၊ ၂၅ x၂၆ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့ ၊ ဖုန်း၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(တောင်ငူ)**
  အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊ ၀၉-၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှောင်မြို့၊ ဖုန်း- ၀၉- ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

# တက္ကသိုလ်နေ့သင်တန်းများ (၆-၁-၂၀၂၂)ရက်နေ့တွင် စတင်ဖွင့်လှစ်မည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**ကြေညာချက်**

## တက္ကသိုလ်နေ့သင်တန်းများဖွင့်လှစ်ခြင်း

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင်(၂၀၁၉-၂၀၂၀) ပညာသင်နှစ်နှင့် (၂၀၂၁-၂၀၂၂) ပညာသင်နှစ်များအတွက် အောက်ပါတွဲ့သင်တန်းအသီးသီးကို (၆-၁-၂၀၂၂) ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည် -

(က) ဥပဒေပညာ စတုတ္ထနှစ် (ဒုတိယနှစ်ဝက်)
(ခ) ပညာရေး စတုတ္ထနှစ် (ဒုတိယနှစ်ဝက်)
(ဂ) ဂုဏ်ထူးတန်း တတိယနှစ် (ပထမနှစ်ဝက်)
(ဃ) မဟာအရည်အချင်းစစ်သင်တန်း (ပထမနှစ်ဝက်)
(င) မဟာတွဲ့သင်တန်း ပထမနှစ် (ပထမနှစ်ဝက်)
(စ) မဟာတွဲ့သင်တန်း ဒုတိယနှစ် (ပထမနှစ်ဝက်)

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

# တောင်ကိုရီးယားနိုင်ငံ၌ အိုမီခရွန် ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့နေမှုအား အစွမ်းကုန်ကြိုးစားတိုက်ဖျက်သွားမည်ဟု သမ္မတ မွန်ဂျေအင်း ကတိပြု




**ဆိုးလ်　ဇန်နဝါရီ　၃**

တောင်ကိုရီးယားနိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့နေမှုအား အစွမ်းကုန်ကြိုးစားတိုက်ဖျက်သွားမည်ဖြစ်ကြောင်း သမ္မတ မွန်ဂျေအင်းက နှစ်သစ်ကူးမိန့်ခွန်း၌ ကတိပြုပြောကြားခဲ့သည်။

တောင်ကိုရီးယားအစိုးရသည် နိုင်ငံအတွင်း အိုမီခရွန် ဗီဇပြောင်းဗိုင်းရပ်စ်တိုက်ဖျက်ရေးအား အားထုတ်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကာ နိုင်ငံသားများအား ၂၀၂၂ ခုနှစ်အတွင်း ပုံမှန်လူမှုစီးပွားဘဝ ပြန်လည်ရရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ကတိပြုပြောကြားသည်။ နိုင်ငံအတွင်း ယမန်နှစ်ဒီဇင်ဘာလအတွင်းကပင် နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၀၀၀ ကျော်ရှိခဲ့ပြီး လက်ရှိအချိန်တွင် အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၃၀၀ ကျော်ရှိသည်။

နိုင်ငံအတွင်း အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှု အမြင့်ဆုံးအဆင့်သို့ မရောက်ရှိစေရေးအတွက် အချိန်ယူကာ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မွန်ဂျေအင်းက ပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**



# အိန္ဒိယနိုင်ငံ၌ အသက် ၁၅ နှစ်မှ ၁၈ နှစ်အရွယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးမှု စတင်

**မွမ်ဘိုင်း　ဇန်နဝါရီ　၃**

အိန္ဒိယနိုင်ငံ၌ အသက် ၁၅ နှစ်မှ ၁၈ နှစ်အရွယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးမှုကို ဇန်နဝါရီ ၃ ရက်တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကလေးငယ်များအား ၎င်းတို့၏ စာသင်ကျောင်းများ၌သာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်သောကြောင့် ပုဂ္ဂလိကနှင့် အစိုးရစာသင်ကျောင်းများသည် ကလေးငယ်များအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရေးစင်တာများကို နှစ်ဆတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နေ့စဉ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု အချက်အလက်များကို ပြည်နယ်အာဏာပိုင်များထံသို့ သတင်းပေးပို့ရန် ကျောင်းအာဏာပိုင်များအား ညွှန်ကြားထားကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် မိုဒီ၏ ဇာတိဖြစ်သည့် ဂူဂျာရတ်ပြည်နယ်မှ အာဏာပိုင်များကမူ ယခုတစ်ပတ်အတွင်း ကလေးငယ် ၃ ဒသမ ၆ သန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ်ထိုးနှံပေးနိုင်မည်ဟု မျှော်လင့်ထားကြောင်း ပြောကြားသည်။

Covaxin ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် အိန္ဒိယနိုင်ငံရှိ အသက် ၁၅ နှစ်မှ ၁၈ နှစ်အရွယ်အုပ်စုများအတွက် အရေးပေါ်အသုံးပြုရန် အတည်ပြုပေးထားသည့် တစ်ခုတည်းသော ကာကွယ်ဆေးဖြစ်ပြီး အိန္ဒိယနိုင်ငံရှိ အရွယ်ရောက်ပြီးသူများအတွက် Covishield ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတို့ကို အသုံးပြုခဲ့ကြောင်း သိရသည်။

**ကိုးကား-စီအင်န်အေ၊ ဘာသာပြန်-အလင်းသစ်**

# တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၃၅၂၀ ထပ်မံတွေ့ရှိ

**အန်ကာရာ　ဇန်နဝါရီ　၃**

တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၃၅၂၀ ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၉၅၅၂၈၀၁ ဦးရှိလာကြောင်း တူရကီနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။

တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၂၉ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၈၂၆၃၅ ဦး ရှိလာကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၂၂၁၆၁ ဦးရှိကြောင်း သိရသည်။

တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်အသုံးပြုရန် တူရကီကျန်းမာရေးအာဏာပိုင်များက အတည်ပြုပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့သည်။

လက်ရှိတွင် တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးသူပေါင်း ၅၇ သန်းနီးပါးရှိကြောင်း၊ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးသူပေါင်း ၅၁ သန်းကျော်ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေစုစုပေါင်း ၁၃၂ ဒသမ ၂၁ သန်းကျော် အသုံးပြုပြီးဖြစ်ကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# အင်ဒိုနီးရှားနိုင်ငံသားများအား ဇန်နဝါရီ ၁၂ ရက်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပိုဆောင်းထိုးနှံပေးမည်

**ဂျကာတာ　ဇန်နဝါရီ　၃**

အင်ဒိုနီးရှားနိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုများပြားလာခြင်းကို လျှော့ချနိုင်ရန်အတွက် နိုင်ငံသားများအား ဇန်နဝါရီ ၁၂ရက်မှစတင်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအပိုဆောင်းထိုးနှံပေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ဂူနာဒီ ဆာဒီကင်က ယနေ့ ပြောကြားသည်။

ယခု ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအပိုဆောင်းထိုးနှံမှုအစီအစဉ်၌ ပြီးခဲ့သည့် ခြောက်လအတွင်းက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးစီးသူများအား ကာကွယ်ဆေးအပိုဆောင်းထိုးနှံပေးသွားမည်ဖြစ်ပြီး ယခုလအတွင်း လူဦးရေ ၂၁ သန်းအား ကာကွယ်ဆေးအပိုဆောင်းထိုးနှံပေးရန် ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။ နိုင်ငံအတွင်းရှိ ကျန်းမာရေးလုပ်သားများအား ဇူလိုင်လအတွင်းက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပိုဆောင်းထိုးနှံပေးခဲ့သည်။ ယခုကဲ့သို့ နိုင်ငံသားများအား ဇန်နဝါရီ ၁၂ ရက်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပိုဆောင်းထိုးနှံမည့် အစီအစဉ်သည် သမ္မတ ဂျိုကိုဝီဒိုဒို၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဆာဒီကင်က ပြောကြားသည်။

နိုင်ငံအတွင်း လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးစီးသူမှာ လူဦးရေ၏ ၄၂ ရာခိုင်နှုန်းရှိပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinovac၊ Pfizer နှင့် Moderna တို့ကို အသုံးပြုထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအပိုဆောင်းထိုးနှံရေးလုပ်ငန်းများ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး သန်း ၂၃၀ လိုအပ်လျက်ရှိပြီး ယင်းလိုအပ်သည့် ကာကွယ်ဆေးပမာဏ၏ ထက်ဝက်ခန့်ကို ရရှိပြီးဖြစ်ကြောင်း သိရသည်။ နိုင်ငံအတွင်း လက်ရှိအချိန်၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၅၀ ကျော်ကို တွေ့ရှိရသည်။

**ကိုးကား-စီအင်န်အေ**
**ဘာသာပြန်-စိုးသူရ**

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

**ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၂၉၀၇၅၉၄၁၁ ဦး**

**သေဆုံးသူ ၅၄၆၂၀၃၈ ဦး**

**ပြန်လည်ကျန်းမာလာသူ ၂၅၄၆၆၈၇၉၄ ဦး**

# အီတလီနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၁၀၄၆ ဦးရှိပြီး နေ့စဉ်ကူးစက်မှု သိသိသာသာကျဆင်းလာခဲ့

**ရောမ　ဇန်နဝါရီ　၃**

အီတလီနိုင်ငံ၌ ဇန်နဝါရီ ၁ ရက်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၁၂၆၂ ဦးရှိခဲ့ရာမှ ဇန်နဝါရီ ၂ ရက်တွင်မူ တစ်ရက်အတွင်း ကူးစက်ခံရသူ ၆၁၀၄၆ ဦးရှိခဲ့ခြင်းကြောင့် နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု သိသိသာသာ ကျဆင်းလာခဲ့ကြောင်း အီတလီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အီတလီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုတွင်မူ ဇန်နဝါရီ ၁ ရက်တွင် သေဆုံးသူ ၁၁၁ ဦးရှိခဲ့ရာမှ ဇန်နဝါရီ ၂ ရက်တွင် အဆိုပါရောဂါဖြင့် သေဆုံးသူ ၁၃၃ ဦးအထိ မြင့်တက်ခဲ့ကြောင်း သိရသည်။

အီတလီနိုင်ငံ၌ ပြီးခဲ့သည့်နှစ် ဖေဖော်ဝါရီလက ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုစတင်တွေ့ရှိခဲ့ပြီး လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၃၇၆၄၆ ဦးရှိလာကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၆ ဒသမ ၃၂၈ သန်းကျော် ရှိလာကြောင်း သိရသည်။

အီတလီနိုင်ငံ၏ အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသူများ ပါဝင်ခြင်းမရှိဘဲ ဆေးရုံများတွင် တက်ရောက်လျက်ရှိသူအရေအတွက်သည် ဇန်နဝါရီ ၁ ရက်တွင် ၁၁၂၆၅ ဦးရှိခဲ့ရာမှ ဇန်နဝါရီ ၂ ရက်တွင် ၁၁၇၅၆ ဦး ရှိလာကြောင်း သိရသည်။

**ကိုးကား-စီအင်န်အေ**
**ဘာသာပြန်-အလင်းသစ်**



# ခရောင်းလမ်းကိုဖြတ်ကျော်ခြင်း

နန္ဒာသိန်းဇံ

(ယခင်အပတ်မှအဆက်)

ပြင်းထန်တဲ့ဆန္ဒနဲ့ မြင့်မြတ်တဲ့ ရည်မှန်းချက်တွေမရှိတဲ့အခါ လူဟာ မကောင်းတဲ့အပြုအမူတွေကိုရှောင်ပြီး ကောင်းတဲ့အပြုအမူတွေကို ပြုဖို့ မလွယ်လှဘူး။ ဖောက်ပြန်ချင်ရင်လည်း မဖောက်ပြန်အောင်"တောင့်" မခံနိုင်ပြန်ဘူး၊ ရုရှားစကားပုံတစ်ခုရှိတယ်။ "ငွေက စကားပြောလာတဲ့အခါ အမှန်တရားဟာ ဆိတ်ငြိမ်နေတယ်" when money speaks, the truth is silent. တဲ့။ သဘောတရားအရ အသိဉာဏ်၊ ဆင်ခြင်ဉာဏ် Reason and Intellect တွေကို ဤသို့ပြုမူခြင်းက ကောင်းတယ်၊ ထိုသို့ ပြုမူခြင်းကတော့ မကောင်းဘူးလို့ ခွဲခြားသိတတ်ပါရဲ့။ တခြားတစ်ပါးသူတွေရဲ့ အပြုအမူတွေကိုလည်း ဘယ်ဟာက မှားတယ်၊ ဘယ်ဟာကတော့ မှန်တယ်လို့ ပြောတတ်ပါရဲ့။ ဒါပေမဲ့ တကယ်မက်မောလောက်တဲ့ လိုချင်လောက်တဲ့ငွေကြေးလာဘ်လာဘတွေရဲ့ ဆွဲဆောင်မှုကို ကိုယ်တိုင်ကြုံလာတဲ့အခါ ဘာမှအမှားအမှန်မပြောတော့ဘဲ ဆိတ်ဆိတ်ငြိမ်ငြိမ် လက်ခံမိလိုက်တာပဲ။ ဒါဟာ ဘာကြောင့်လဲဆိုတော့ "မမှန်တာတော့ မလုပ်ဘူး" လို့ စိတ်က တောင့်မခံနိုင်တော့လို့ပဲ။ စိတ်မှာမြင့်မြတ်တဲ့ရည်မှန်းချက်နဲ့ ပြင်းထန်တဲ့ဆန္ဒ၊ ခိုင်ခံ့တဲ့ စိတ်ဓာတ်မရှိတဲ့အခါ ဆန္ဒာ၊ ဒေါသာ၊ ဘယာ၊ မောဟာ အစရှိတဲ့ အဂတိတရားတွေကို လိုက်စားမိနိုင်တာပဲ။

မြင့်မြတ်တဲ့ဘဝမျိုးကိုရဖို့၊ ရောက်ဖို့ ချမှတ်ထားတဲ့ရည်မှန်းချက်တွေ၊ ဆန္ဒတွေ အားနည်းလို့... အို ဒါလောက်ကလေးတော့ လုပ်လိုက်ဦးမယ်ဆိုပြီး မဟုတ်တာကလေးတွေကို တစ်စတစ်စ နည်းနည်းနည်းနည်းပြုလုပ်မိရာက နောင်ကြာလာတဲ့အခါမှာ ဖျောက်ဖျက်မရတဲ့ အကျင့်စရိုက်ဆိုးကြီးတွေအဖြစ် လူမှာဖွဲ့စည်းမိသွားတာပဲ။ တစ်ခါနှစ်ခါလောက်နဲ့တော့ ကိစ္စမရှိပါဘူးဆိုပြီး တစ်စတစ်စ အရက်သောက်ရာက အကြိမ်များလာတဲ့အခါ သွေးသားတွေကပါ ကြိုက်တတ်တဲ့အကျင့်ရလာပြီး အရက်မသောက်ရမနေနိုင်တဲ့ အကျင့်ရသွားတာမျိုးပဲ။ တရားဥပဒေနဲ့မညီတဲ့ အလုပ်မျိုးကို အို ... ဒါလောက်ကလေးတွေနဲ့တော့ ဖြစ်လောက်ပါဘူးဆိုပြီး တစ်စတစ်စလုပ်မိရာက ပိုပိုဇက်ရဲလက်ရဲဖြစ်လာပြီး တရားဥပဒေနဲ့ဆန့်ကျင်တဲ့ ကြီးကျယ်တဲ့ မသမာမှုကြီးတွေ မကောင်းမှုကြီးတွေကို လုပ်မိခြင်းမျိုးတွေလည်း ဖြစ်လာနိုင်တာပဲ။ "ကြီးကျယ်တဲ့ မကောင်းမှုကြီးဟာ အနည်းငယ်အနည်းငယ် မကောင်းတာလေးတွေစုပေါင်းမိရာက မကောင်းမှုဒုစရိုက်ကြီးဖြစ်ပေါ်လာတာပဲ" Great evil has small beginnings ဆိုတဲ့ စကားအတိုင်းပဲပေါ့။ ဒီလို စွဲမြဲတဲ့ အကျင့်စရိုက်မျိုးကိုရပြီဆိုရင် ဖျောက်ဖျက်ပစ်ဖို့ မလွယ်တော့ဘူး။ ဒီနေရာမှာ ဆက်စပ်နေလို့ ပန်းပုဆရာကြီးတစ်ဦး ပြောပြတဲ့ စကားတစ်ခုကို ပြောရဦးမယ်။ သူက "ပန်းပုထုတဲ့အခါမှာ မလိုတာတွေကို ဖွဲ့ဖွဲ့ထုတ်ပစ်ရတယ်။ မလိုတာတွေကို ဖွဲ့ထုတ်၊ ပယ်ထုတ်ပစ်ပြီးတော့မှ လှပတဲ့ ရုပ်လုံးပေါ်လာနိုင်တာတဲ့။ ဒီနည်းတူပဲ လူဟာ ကိုယ့်ဘဝကိုယ့်ခန္ဓာမှာ မလိုအပ်တဲ့ အရာတွေကို ဖွဲ့ဖွဲ့ထုတ်၊ ပယ်ပယ်ထုတ်ပစ်ရတယ်တဲ့။ ကိုယ့်ဘဝကိုယ့်ခန္ဓာက ဖွဲ့ထုတ်ပယ်ထုတ်ပစ်ရမှာက အကျင့်ဆိုး စရိုက်ဆိုး...စတဲ့ အရာတွေပဲတဲ့၊ အကျင့်ဆိုး စရိုက်ဆိုးစတဲ့ မလိုလားအပ်တာတွေကို ဖွဲ့ထုတ်ပယ်ထုတ်ပစ်မှ တလှတပဘဝမျိုး ဖြစ်လာနိုင်တာတဲ့"။

တစ်ခါတုန်းက ဆရာကြီးတစ်ဦးက အကျင့်စရိုက်ဆိုးတွေ ရစပြုနေတဲ့ တပည့်တစ်ဦးကိုခေါ်ပြီး တောလမ်းကလေးအတိုင်း လျှောက်လာတယ်။ လျှောက်လာရင်းက အညွန့်အညှောင့်ပေါက်စ သစ်ပင်ကလေးတစ်ပင်ကိုတွေ့တော့ ဆရာကြီးက...

"တပည့်၊ ဟောဟိုက အပင်ကလေးကို နုတ်ကြည့်စမ်း"လို့ ခိုင်းတယ်။

တပည့်ကလည်းသွားပြီး အလွယ်ကလေးပဲ လက်ညှိုးနဲ့ လက်မကြားထဲညှပ်ပြီး ဆွဲနုတ်လိုက်တယ်။ ဒါနဲ့ဆက်လျှောက်လာခဲ့ကြပြန်တယ်။ မကြာခင် အတော်ကလေး အမြစ်ခိုင်ခိုင်တွယ်မိနေပြီဖြစ်တဲ့ သစ်ပင်ငယ်တစ်ပင်ကို တွေ့တယ်။ ဒီအခါမှာလည်း ဆရာကြီးက "တပည့်၊ ဟောဟိုက သစ်ပင်ကို နုတ်ပါဦး"လို့ ခိုင်းတယ်။ တပည့်ကသွားပြီး နုတ်တယ်။ လက်နှစ်ဖက်နဲ့ တော်တော်ကလေး အားစိုက်ပြီး နုတ်လိုက်တော့ သစ်ပင်ငယ်က အမြစ်ကျွတ်ပြီးပါလာတယ်။ ဆရာတပည့်နှစ်ယောက်ဆက်ပြီး လျှောက်လာကြပြန်တယ်။ လျှောက်လာရင်း တပည့်လူငယ်က "ဘာမှအသုံးမချဘဲ သူ့ကို သစ်ပင်နုတ်ခိုင်းနေတာ ငါ့ဆရာကြီး စိတ်တွေမှ မှုမှန်သေးရဲ့လား"လို့ တွေးလာတယ်။

မကြာခင် လူတစ်ပိုက်တစ်ဖက်လောက် လုံးပတ်ရှိတဲ့သစ်ပင်ကြီးတစ်ပင်ကို တွေ့ရတယ်၊ ဒီအခါမှာလည်း ဆရာကြီးက "တပည့်ဟောဟိုကသစ်ပင်ကြီးကို နုတ်စမ်းပါ"လို့ ခိုင်းပြန်တယ်။ နုတ်လို့ မရမှန်းသိပေမယ့် ဆရာက ခိုင်းနေတော့ တပည့်လူငယ်က လက်နှစ်ဖက်နဲ့ သစ်ပင်ကြီးကိုပိုက်ဖက်ပြီး တအားကုန်နုတ်တယ်။ ချွေးဒီးဒီးသာကျတယ်၊ သစ်ပင်ကြီးကတော့ တုတ်တုတ်တောင် မလှုပ်ဘူး။

ဒီတော့မှဆရာကြီးက"တပည့် မင့်ကိုဆရာက အကြောင်းမဲ့ သစ်ပင်တွေကို နုတ်ခိုင်းနေတာ မဟုတ်ပါဘူး။ သစ်ပင်တွေကို သာဓကထားပြီး ပြောပြစရာရှိလို့ပါ၊ အကျင့်စရိုက်ဆိုးတွေဆိုတာ နုစဉ်အချိန်၊ အကျင့်စရိုက်ဆိုးတွေ ကိုယ့်မှာဖြစ်လာစအချိန်မှာ (သစ်ပင်ကလေးဖြစ်စမှာ လွယ်လွယ်နဲ့ နုတ်ပယ်ပစ်လို့ရသလို) နုတ်ပယ်ပစ်လို့ရတယ်၊ နုတ်ပယ်မပစ်ဘဲ ဆက်ပြီးအကျင့်ဆိုးတွေကို ကြီးပွားစေရင်တော့ အထုအထည်ကြီးလာပြီး (သစ်ပင်ကြီးဖြစ်လာတော့ နုတ်ပယ်လို့မရတော့သလိုပဲ) နုတ်ပယ်ပစ်လို့မဖြစ်နိုင်တော့ဘူး၊ ဒီအခါမှာ ဘဝဟာ ဆုံးရှုံးပျက်စီးသွားနိုင်တယ်ဆိုတာ ဆရာပြောချင်လို့ပဲ"လို့ ရှင်းပြတယ်။

ဟုတ်ပါတယ်။ ရှေးမ အခိုင်အခံ့ တိုက်တာ အဆောက်အအုံကြီးပေါ်မှာ ညောင်စေ့ကလေး ကျလို့ ပေါက်လာတဲ့ညောင်ပင်ကလေးကို စောစော နုတ်ပယ်မပစ်ဘဲ ကြီးထွားအောင်ထားရင် ကြာတဲ့အခါ အမြစ်တွေက အုတ်ကြားထဲတိုးဝင်ပြီး အဆောက်အအုံကြီးကို ဖြိုချပစ်နိုင်သလိုပဲ၊ အကျင့်စရိုက်ဆိုးတွေဟာ ကြာရင် ဘဝတစ်ခုလုံးကို ဖြိုချဖျက်ဆီးပစ်နိုင်တာပဲ။ ဒါကို မြော်မြင်ပြီး အကျင့်စရိုက်ဆိုးတွေ မဝင်အောင်၊ ဝင်လာရင်လည်း နုစဉ်က နုတ်ပယ်နိုင်အောင် ကျွန်တော်တို့မှာ အစဉ်ပဲသတိရှိနေဖို့လိုတယ်လို့ ထင်ပါတယ်။

# ကြီးပွားချမ်းသာနည်းဗျူဟာ

ထက်ခိုင်

**စာပေမှအတွေးအမြင်ကောင်းများရယူပါ**

"စာဖတ်ခြင်းမှရသော အတွေ့အကြုံ (သုတ)ကို မိမိ၏ လက်တွေ့ဘဝပြဿနာ အတွေ့အကြုံ (မုတ)တွင် အသုံးချဖြေရှင်းနိုင်စွမ်းရှိခြင်းသည် ပညာပင်ဖြစ်သည်။"

**မျက်မမြင်၊ နားမကြား အမေရိကန် စာရေးဆရာမ ဟယ်လင်ကဲလား (၁၈၈ဝ-၁၉၆၈)**



ဟယ်လင်ကဲလားသည် ဟားဗက် တက္ကသိုလ်၏ ပထမဆုံးဂုဏ်ထူးဆောင်ဘွဲ့ကို ချီးမြှင့်ခံရသည့် မျက်မမြင်၊ နားမကြား အမေရိကန်စာရေးဆရာမ တစ်ဦးဖြစ်သည်။ မျက်မမြင်စိတ်ဓာတ်မြှင့်တင်ရေး ဟောပြောသူနှင့် စာရေးသူအဖြစ်လည်း ထင်ရှားသူဖြစ်သည်။

စာပေလေ့လာ ဖတ်ရှုခြင်းဖြင့် ရရှိလာနိုင်သည့် တန်ဖိုးကြီးမားပုံကို မျက်မမြင် နားမကြား အမေရိကန်စာရေးဆရာမ ဟယ်လင်ကဲလား၏ အောင်မြင်သည့်ဘဝဖြတ်သန်းမှုက သက်သေပြနေသည်။

ကြီးပွားချမ်းသာ နည်းဗျူဟာ၏ အောင်မြင်မှုရရှိရန်သေချာသော အဓိကသော့ချက် ကိုးခု၏ နဝမမြောက် အချက်တွင် စာပေလေ့လာဖတ်ရှုပါ၊ စာပေမှ အတွေးအမြင်ကောင်းများ ရယူမှုရှိပါစေဟူ၍ ပြဆိုထားသည်။

ထို့ကြောင့် ဘဝကိုအောင်မြင်စေလိုပြီး ကြွယ်ဝချမ်းသာလိုကြသော ယနေ့မျိုးဆက်သစ် လူငယ်လူရွယ်များနှင့် လူတိုင်းလူတိုင်းသည် စာပေကို အကျွမ်းတဝင်ဖြစ်အောင် ချဉ်းကပ်ပြီး စာပေကို မွေ့လျော်ကာ စာပေလေ့လာဖတ်ရှုခြင်းကို လက်တွေ့လုပ်ဆောင်ကြရန် လိုပါသည်။ ထိုမှတစ်ဆင့် စာပေဖတ်ရှုခြင်းမှ ရရှိသော အတွေးအမြင် အယူအဆ ဆင်ခြင်တုံတရား၊ ဆုံးဖြတ်ချက် ပြတ်သားမှု၊ သည်းခံစိတ်နှင့် စွန့်လွှတ်အနစ်နာခံမှု၊ ကိုယ်ချင်းစာမှု၊ နားလည်သိတတ်သည့် အတွေးအခေါ်များ စသည်တို့ကို နေရာတကျ စည်းစနစ်ကျနစွာဖြင့် အံဝင်ခွင်ကျ သုံးစွဲတတ်လာမည်ဖြစ်သည်။

ယင်းအချက်သည် လူတစ်ဦးချင်းအတွက် များစွာအရေးပါသည်။

စာဖတ်ခြင်းမှရရှိလာသည့် ကောင်းမွန်တန်ဖိုးရှိသည့် အတွေးအမြင်ကောင်းများကို ရယူသုံးစွဲတတ်လာလျှင် ဘဝအောင်မြင်မှုရရှိကာ ကြီးပွားချမ်းသာမှု ရရှိလာမှာ သေချာပေသည်။

"ပညာသည် စာအုပ်များထဲ၌သာ ရှိသည်မဟုတ်။ စာအုပ်ကိုကျော်၍ မြင်နိုင်စွမ်းခြင်းကို ဆောင်နိုင်ရပေမည်။ ပညာသည် လူတို့၏ဉာဏ်ကိုသာ ပြုပြင်တိုးချဲ့ရုံသာမဟုတ်၊ လူ၏စိတ်နေစိတ်ထား အယူအဆများကိုလည်း တိုးတက်စေရမည်။ လူထု၏ ဆန္ဒအား၊ လုပ်အားကိုလည်း နှုးညွှတ်စေရမည်။ ရာဇဝင်ကို သိရုံမဟုတ်၊ ရာဇဝင်ကို ဖန်တီးစေရမည်။"

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း (၁၉၁၅-၁၉၄၇) က ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိတွင် ဖော်ပြခဲ့ကြောင်း မှတ်သားဖူးပါသည်။

စာအုပ်ထဲတွင်ရှိနေသည့် ပညာရပ်များကိုဖတ်မှတ်လေ့လာပြီး စာအုပ်ထဲတွင်ပါရှိသလောက်သာ မြင်တတ်၊ တွေးတတ်၊ ခံယူလုပ်ဆောင်တတ်ရန်သာ မဟုတ်ဘဲ စာအုပ်ကို ကျော်လွန်ပြီး အမြင်ကျယ်ကျယ် တွေးခေါ်မြော်မြင်တတ်စွမ်းနိုင်ရန် ဖော်ညွှန်းထားခြင်းပင်။

ပညာသည် လူတို့၏ဉာဏ်နှင့် စိတ်နေစိတ်ထား၊ အယူအဆများကို ပြုပြင်၊ တိုးချဲ့၊ တိုးတက်စေရုံသာမကဘဲ လူတစ်ဦး တစ်ယောက်ချင်းအပြင် မြောက်မြားစွာသော လူထုတစ်ရပ်လုံး၏ ဆန္ဒအားနှင့် လုပ်အားကိုလည်း နှုးညွှတ်စေနိုင်ကြောင်း အသိပေးထားခြင်းလည်း ဖြစ်သည်။ ထို့အပြင် စာပေဖတ်ရှုခြင်းသည် ရာဇဝင်ကို သိရှိရုံလောက်သာ မဟုတ်ဘဲ ရာဇဝင်ကို ဖန်တီးစေရမည်ဟု ဗိုလ်ချုပ်အောင်ဆန်းက ရည်ညွှန်းဖော်ပြခဲ့ခြင်း ဖြစ်ပေသည်။

ယနေ့မျိုးဆက်သစ် လူငယ်လူရွယ်များနှင့် အသက်အရွယ်မရွေး လူတိုင်းလူတိုင်းသည် ငယ်စဉ်မှ ယနေ့ရောက်ရှိနေကြသည့် အသက်အရွယ်အထိ မိမိတို့၏သမိုင်း၊ မိမိတို့၏ရာဇဝင်ကို ဖန်တီးခဲ့ကြပြီးလည်းဖြစ်သည်။

သို့ဖြစ်၍ မိမိတို့၏သမိုင်းနှင့် မိမိတို့၏ရာဇဝင်ကို ဖန်တီးခဲ့ကြရာတွင် ယခုအချိန်၌ အတိုင်းအတာတစ်ခုအထိ ရောက်ရှိနေကြပြီဖြစ်ရာ ဖြတ်သန်းခဲ့ပြီးသည့် ဘဝတစ်လျှောက်တွင် အဘယ်ကဲ့သို့ တည်ဆောက်ပြီးမြောက်ခဲ့ပြီနည်း။ ဘဝကို အောင်မြင်ကြီးပွားလုပအောင်၊ ကြွယ်ဝချမ်းသာမှုရရှိအောင် မည်မျှဖန်တီးနိုင်ခဲ့ကြပြီနည်း။

ဆန်းစစ်အဖြေရှာရမည့် အချိန်လည်း ဖြစ်သည်။

"အချိန်နှင့်ဒီရေသည် လူကိုမစောင့်" ဟူသည့် မြန်မာဆိုရိုးစကားလည်း ရှိပြီး ဖြစ်သည်။

မျိုးဆက်သစ် လူငယ်လူရွယ်များ အနေဖြင့် ဘဝအောင်မြင်ရေးအတွက် အခြေခံကောင်းများ မည်ရွေ့မည်မျှ တည်ဆောက်ထားပြီးပြီနည်း။ အသက်အရွယ်အားဖြင့် အထိုက်အလျောက် ကြီးရင့်ပြီဖြစ်သည့်သူများအနေဖြင့်လည်း မိမိတို့၏ဘဝရည်မှန်းချက် အောင်မြင်ရေးအတွက် မည်ရွေ့မည်မျှ အကောင်အထည်ဖော်ကာ ပန်းတိုင်ကိုရောက်ရှိရန် အဘယ်ကဲ့သို့သောအခြေအနေတွင် ရှိနေပြီနည်း။

မိမိတို့တစ်ဦးချင်း၏ ဘဝအောင်မြင်မှု၊ ကြီးပွားချမ်းသာမှုဟူသည့် ရာဇဝင်ကောင်းကို မည်ရွေ့မည်မျှ ဖန်တီးနိုင်ခဲ့ပြီနည်း။

ပြန်လည်ဆန်းစစ်ရန်လိုသည်။

အပြန်ပြန်အလှန်လှန် စစ်ဆေးကြည့်ရှုရမည်ဖြစ်ပြီး အောင်မြင်မှုရရှိခြင်း၊ မရရှိခြင်းတို့၏ တွေ့ရှိချက်များကို တစ်ခုချင်းချရေးကာ မိမိကိုယ်ကို အားမနာ စတမ်း ဝေဖန်သုံးသပ်ရပေမည်။

အချိန်မနှောင်းသေးပါ။ ရောက်သည့်အချိန် ကိုယ့်အချိန်အဖြစ် ခံယူကာ လုပ်ဆောင်ရမည်ဖြစ်သည်။ ကိုယ့်ရာဇဝင်က ဘယ်အနေအထားမှာရှိနေသည်ကို သဲသဲကွဲကွဲသိမှ၊ ကိုယ့်အခြေအနေကို အမှန်ကန်ဆုံးသိမှသာ မည်သည့်နေရာ၊ မည်သည့်အချိန်က စလုပ်ရမည်ကို ပြတ်ပြတ်သားသား ဆုံးဖြတ်နိုင်မည်ပင်။

အချိန်ရှိခိုက်လုံ့လစိုက်ထုတ်ကာ ကြီးပွားချမ်းသာစေမည့်လမ်းကြောင်းပေါ်သို့ ရောက်ရှိအောင် လက်တလောရောက်ရှိနေသည့် မိမိဘဝဖြတ်သန်းမှုနေရာ အသီးသီးမှ အောင်မြင်ကြီးပွားရေးဟူသည့်

**စာမျက်နှာ ၂၁ သို့ ■**

# အောင်မြင်သူ ဖြစ်ချင်သလား

မောင်ထူးချွန်

အောင်မြင်သူဖြစ်ချင်သလားဆိုရင် လူတိုင်း အောင်မြင်သူဖြစ်ချင်ကြတာပါပဲ။

ဘယ်လို၊ ဘယ်လောက် အောင်မြင်သူ ဖြစ်ချင်တာလဲ။ အောင်မြင်မှုရရှိအောင် ဘယ်လို လုပ်ရမှာလဲ။

မောင်တို့မယ်တို့ ကိုယ့်ကိုယ်ကိုယ်မေးမြန်း ကြည့်ပါ။ မေးပါများစကားရဆိုသလို အဖြေစကား ရလာပါလိမ့်မယ်။

မောင်တို့မယ်တို့ဟာ တက္ကသိုလ်ဝင်တန်း အရွယ်၊ ဒါမှမဟုတ် တက္ကသိုလ်ကျောင်းသား ကျောင်းသူအရွယ်ဆိုရင် အောင်မြင်မှုလိုချင်တာက စာမေးပွဲအောင်မြင်မှုမျိုးပဲ ဖြစ်မှာပေါ့။ လုပ်ငန်းခွင် ထဲကဝန်ထမ်းဆိုရင် လုပ်ငန်းခွင်အောင်မြင်မှု၊ စီးပွားရေးလုပ်နေတဲ့သူဆိုရင်တော့ စီးပွားရေး အောင်မြင်မှုပေါ့။ အမျိုးအမည်သာကွာခြားမှု ရှိပေမယ့် "အောင်မြင်မှု" ဆိုတာကတော့ အတူတူပဲ ပေါ့ကွယ်။

လူဆိုတာ ငယ်ရာကနေကြီးလာတာဖြစ်တဲ့ အတွက် ဘဝတစ်ဆစ်ချိုးပြောင်းလဲမှုကို ဖြစ်ပေါ် စေတတ်တဲ့ တက္ကသိုလ်ဝင်တန်းအရွယ် မောင်တို့၊ မယ်တို့အတွက် "စာမေးပွဲအောင်မြင်မှု" ဟာ အရေးကြီးပါတယ်။

ပြီးခဲ့တဲ့ ဒီဇင်ဘာ ၂၉ ရက်က ၂၀၂၂ ခုနှစ် အတွက် တက္ကသိုလ်ဝင်စာမေးပွဲ အချိန်စာရင်း ကြေညာတယ်။

"၂၀၂၂ ခုနှစ် မတ်လနှင့် ဧပြီလများတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို အောက်ပါ အချိန်စာရင်းအရ ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနက ကြေညာထား သည်-"လို့ တွေ့ရတယ်။

မတ်လ ၃၁ ရက်၊ ကြာသပတေးနေ့ နံနက်(၉) နာရီမှ (၁၂)နာရီအထိ မြန်မာစာ။

ဧပြီလ ၁ ရက်၊ သောကြာနေ့ နံနက်(၉)နာရီမှ (၁၂)နာရီအထိ အင်္ဂလိပ်စာ။

ဧပြီလ ၂ ရက်၊ စနေနေ့ နံနက်(၉)နာရီမှ (၁၂) နာရီအထိ သင်္ချာ။

ဧပြီလ ၄ ရက်၊ တနင်္လာနေ့ နံနက်(၉)နာရီမှ (၁၂)နာရီအထိ ဓာတုဗေဒ။




ဧပြီလ ၅ ရက်၊ အင်္ဂါနေ့၊ နံနက်(၉)နာရီမှ (၁၂) နာရီအထိ ရူပဗေဒ။

ဧပြီလ ၆ ရက်၊ ဗုဒ္ဓဟူးနေ့ နံနက်(၉)နာရီမှ (၁၂) နာရီအထိ ဇီဝဗေဒ/ ဘောဂဗေဒ။

ဧပြီလ ၇ ရက်၊ ကြာသပတေးနေ့ နံနက်(၉) နာရီမှ (၁၂)နာရီအထိ ပထဝီဝင်။

ဧပြီလ ၈ ရက်၊ သောကြာနေ့ နံနက်(၉)နာရီမှ (၁၂)နာရီအထိ သမိုင်း။

ဧပြီလ ၉ ရက်၊ စနေနေ့ နံနက်(၉)နာရီမှ (၁၂) နာရီအထိ စိတ်ကြိုက်မြန်မာစာ။

မတ်လ ၃၁ ရက်နေ့မှာ စတင်ဖြေဆိုရတော့မယ့် တက္ကသိုလ်ဝင်စာမေးပွဲ အချိန်စာရင်းပဲဖြစ်တယ်။

တက္ကသိုလ်ဝင်တန်း မောင်တို့ မယ်တို့အတွက် စာမေးပွဲဖြေဆိုဖို့ရာ အချိန်က သုံးလပဲလိုပါတော့ တယ်။ သုံးလဆိုတဲ့အချိန်က ခဏလေးနော်။ စာမေးပွဲအတွက် ပြင်ဆင်ရတော့မယ်။ ကြိုတင် ပြင်ဆင်ထားတဲ့သူတွေလည်းရှိကြမှာပေါ့။ ဒီအချိန် ရောက်မှ ပြင်ဆင်ကြမယ့် မောင်တို့မယ်တို့ အတွက်လည်း အချိန်မနှောင်းသေးပါ။ သုံးလတာ အချိန်ဟာ တကယ်ကြိုးစားရင် ဖြစ်နိုင်ပါတယ်။ အောင်မြင်မှုရရှိနိုင်ပါတယ်။

စာမေးပွဲအောင်မြင်ရမယ်ဆိုတဲ့ စိတ်တစ်ခုနဲ့ ကြိုးစားရင် အောင်မြင်ရမှာပေါ့။ အတိအကျပြော ရရင် စာမေးပွဲက ရက်ပေါင်း(၉၀)ပင် မလိုတော့ပါ။ လေ့လာကျက်မှတ်ရမယ့်အချိန်က တစ်ဘာသာကို ၁၅ ရက်ပင်မပြည့်တော့ အချိန်ကား သိပ်မရှိတော့။ ချက်ချင်းလုပ်ဆောင်မှရမယ်။ အချိန်ဆွဲလို့မဖြစ် တော့။

**"အချိန်မဆွဲနှင့်။ အချိန်ဆွဲခြင်းဆိုသည်က အမြဲတစေ ထိခိုက်ပျက်စီးစေတတ်၏"**တဲ့။

အမေရိကန်ပြည်ထောင်စုရဲ့ နှစ်ဦးမြောက် သမ္မတဖြစ်သူ အင်ဒရူးဂျက်ဆင်(၁၇၆၇-၁၈၄၅) က ရေးသားခဲ့ဖူးတာဖြစ်ပြီး မှတ်သားစရာလည်း ဖြစ်ပါ တယ်။

မောင်တို့မယ်တို့ စာမေးပွဲဖြေဆိုဖို့ ကနေ့ပဲ စတင်ပြင်ဆင်လိုက်ပါ။ တစ်ဘာသာချင်းသာ စတင် ကျက်မှတ်လိုက်ပါတော့။ ကြိုတင်ပြင်ဆင်ထားတဲ့ သူတွေကလည်း ပြန်လှန်လေ့ကျင့်မှုတွေကို ဒီကနေ့ပဲ စတင်လိုက်ပါတော့။

"လူတစ်ယောက်ဟာ အလုပ်တစ်ခုကို စတင် လုပ်ဆောင်ပြီဆိုရင်ပဲ သူဟာ အလုပ်ရဲ့တစ်ဝက်ကို ပြီးစီးပြီလို့ ဆိုရမှာဖြစ်တယ်"တဲ့။ ဟိုးရေ့စ်(Horace) (ဘီစီ ၆၅၈)ဆိုတဲ့ စာဆိုတစ်ဦးက ရေးခဲ့တာလို့ မှတ်သားဖူးပါတယ်။ ဘယ်အရာမဆို အစက အရေးကြီးပါတယ်။ "အစကောင်းမှ အနှောင်းသေချာ မယ်"ဆိုတဲ့ မြန်မာစကားကလည်း ရှိပြီးသား ဖြစ်တယ်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်း ဖြစ်လာမယ့် မောင်အောင်ဆန်းက မောင်တို့မယ်တို့အရွယ်လောက်မှာ ရေနံချောင်း အမျိုးသားအထက်တန်းကျောင်းမှာ တက်ရောက် ပညာသင်ယူနေတဲ့ ကျောင်းသားကလေးပဲပေါ့။ မောင်အောင်ဆန်းရဲ့ ကြိုးစားအားထုတ်မှုကြောင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဂုဏ်ထူး နှစ်ဘာသာနဲ့ အောင်မြင်ခဲ့တယ်။ ငယ်ငယ်ရွယ်ရွယ် နဲ့ စာပေတွေအများကြီးကို ဖတ်ရှုလေ့လာတယ်တဲ့။ ပြင်ပစာပေတွေ များများဖတ်ရှုတဲ့သူဟာ ကျောင်းစာမှာလည်း တော်တာပါပဲလို့ မှတ်ချက် ပြုရမှာပေါ့။

ကြိုးစားအားထုတ်မှုရဲ့ အောင်မြင်မှုသာဓက တွေပေါ့ကွယ်။

တက္ကသိုလ်ဝင်တန်းမှမဟုတ်ပါဘူး။ တက္ကသိုလ် အတန်းတွေလည်း ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၆ ရက် နေ့ကစပြီး ပြန်လည်ဖွင့်လှစ်တော့မယ်။ တက္ကသိုလ် အသီးသီးက မောင်တို့မယ်တို့ ကျောင်းသား ကျောင်းသူတွေ စာသင်ခန်းတွေဆီကို ရောက်ရှိ ပညာသင်ယူပြီး သတ်မှတ်ရက်တွေမှာ သက်ဆိုင် ရာ စာမေးပွဲကို ဖြေဆိုကြရဦးမယ်။ အောင်မြင် သူတွေဖြစ်ဖို့အတွက် ခုအချိန်ကတည်းက သင်ခန်းစာတွေကို လေ့လာ၊ ကျက်မှတ်ရတော့မယ်။ သက်ဆိုင်ရာ ကျောင်းခေါ်ချိန်တွေပြည့်မီအောင် မောင်တို့မယ်တို့အနေနဲ့ ကျောင်းတက်ရက်လည်း မှန်ရတော့ပေမပေါ့။

ဒီတော့ ကျောင်းသားပဲဖြစ်ဖြစ်၊ ဝန်ထမ်းပဲ ဖြစ်ဖြစ်၊ ကိုယ်ပိုင်စီးပွားရေးလုပ်နေသူပဲဖြစ်ဖြစ် အားလုံးဟာ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ စည်းကမ်း ကျင့်ဝတ်တွေကိုလိုက်နာပြီး တာဝန်ကျေပွန်စွာ ကျင့်ကြံလုပ်ဆောင်ကြမယ်ဆိုရင် အောင်မြင်မှု တွေက လက်တစ်ကမ်းမှာပါပဲ။

အောင်မြင်သူ ဖြစ်လာမှာပေါ့။ အောင်မြင်မှု ရရှိလာမှာ အသေအချာပဲပေါ့ကွယ်။ ။

■ စာမျက်နှာ ၂၀ မှ

■ စာမျက်နှာ ၂၀ မှ

လမ်းကြောင်းကို ဦးတည်ကာ စတင် ကြိုးစားအားထုတ်ရန် အသိ၊ သတိကို လှစ်ဟဖော်ကျူးလာနိုင်ခြင်းသည် စာဖတ် ခြင်းကြောင့်ရရှိလာသည့် အတွေးအမြင် ကောင်းများဖြစ်ပေသည်။

စာပေလေ့လာ ဖတ်ရှုခြင်းကြောင့် ရရှိလာမည့်ကောင်းကျိုးများကို အတိ အကျဖော်ပြရလျှင် ၄၆ မျိုးအထိ ရှိကြောင်းလည်း မှတ်သားဖူးပါသည်။

မျက်စိမမြင်၊ နားမကြားသူတစ်ဦးက ထင်ရှားသည့် စိတ်ဓာတ်မြှင့်တင်ရေး ဟောပြောသူနှင့် စာရေးသူတစ်ဦးအဖြစ် ဘဝကိုအောင်မြင်အောင် ဖန်တီး တည်ဆောက်နိုင်ပြီး အမေရိကန်စာရေး ဆရာမတစ်ဦးအဖြစ်လည်း သူမ၏ ရာဇဝင်ကောင်းကို ကမ္ဘာကသိရှိအောင် ကြိုးစားနိုင်ခဲ့သည်ဖြစ်ရာ ယနေ့မျိုးဆက် သစ် လူငယ်လူရွယ်များနှင့် အောင်မြင် ကြီးပွားချမ်းသာလိုကြသော လူတိုင်း လူတိုင်းသည်လည်း စာပေလေ့လာ ဖတ်ရှုခြင်းကြောင့် ရရှိလာမည့် ကောင်းကျိုးများကို အခြေတည်ကာ ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကျားကုတ်ကျားခဲ ကြိုးစားအားထုတ် လုပ်ဆောင်မည် ဆိုပါက မသွေမုချကြီးပွားချမ်းသာမှုကို ရရှိလာမည်ဖြစ်ပေတော့သည်။ ။

# တိကျသော ရည်မှန်းချက်ပန်းတိုင် ချမှတ်ပါ

အောင်မြတ်စည်သူ

လူအများစုသည် သူတို့ဘဝတွင် သူတို့လိုချင်သည့်အရာမရှိခြင်းသည် သူတို့၏ ရည်မှန်းချက်ပန်းတိုင်များ သေးငယ်လွန်း၍ဖြစ်ကြောင်း သိရသောအခါ အံ့သြလေ့ ရှိကြသည်။ သေးငယ်လွန်း၍သာ မဟုတ်သေး၊ ဝေဝါးလွန်း၍လည်း ဖြစ်သည်။ ထို့ကြောင့် အင်အားမရှိချေ။

သင်၏ ရည်မှန်းချက်သည် သင်၏စိတ်ကူးစိတ်သန်းကို ထကြွစေလောက်သော အစွမ်းမရှိလျှင် သင့်ရည်မှန်းချက်သို့ မည်သည့်အခါမျှ ရောက်ရှိမည်မဟုတ်ချေ။ စိတ်ကူးစိတ်သန်းကို အမှန်တကယ် စိတ်လှုပ်ရှားစေသောအချက်ကား ကြီးမား တိကျသော အင်အားပန်းတိုင်တစ်ခု တည်ခြင်းပင်ဖြစ်သည်။

ပုံမှန်အားဖြင့်မူ ပန်းတိုင်တစ်ခုသည် ပန်းတိုင်တစ်ခုသာ ဖြစ်သည်။ သို့သော် အင်အားပန်းတိုင်သည် ကြီးမားသော လက်တွေ့သဘာဝပြည့်ဝသော ပန်းတိုင်တစ်ခုပင် ဖြစ်သည်။ ယင်းသည် အသက်ရှင်နေသည်။ အသက်ရှူနေသည့် စိတ်ဓာတ်မြှင့်တင်မှု အင်အားများ ပံ့ပိုးပေးသည်။ ယင်းသည် နံနက်တွင် သင့်ကို အိပ်ရာမှနိုးထစေသည်။ ယင်းကို သင်အရသာခံနိုင်သည်။ အနံ့အသက်ခံနိုင်သည်။ စမ်းသပ်ကြည့်နိုင်သည်။ သင်၏စိတ်တွင် သင် ရှင်းလင်းစွာ ပုံဖော်ထားသည်။ သင် စာဖြင့်ရေးချထားသည်၊ ရေးချသည်ကို သင်သဘောကျသည်။ အဘယ်ကြောင့်ဆိုသော် သင်ရေးချသည့်အခါတိုင်း သင်၏စိတ်တွင် ရည်ရွယ်ချက်များ ပို၍သဲကွဲလာသည်။

ကျွန်တော်၏ လုပ်ငန်းတွဲဖက်ဟောင်းဖြစ်သူ ဒန်နစ်ဒီတွန်သည် သူ၏ Visioneering (ပုံဖော်ဖြစ်ခြင်း) အသံခွေစီးရီးတွင် ကြီးကျယ်သော ပန်းတိုင်များ၏ အင်အားကို အသွင်ပြောင်းပုံကို သင်ကြားပြသသည်။ ဒီတွန်သည် သင်တတ်နိုင်သမျှ အချိန်တိုင်း ကြည့်ရှုနိုင်သော 'စိတ်ရုပ်ရှင်ကား' တစ်ကားဖန်တီးခြင်းအကြောင်းကို ပြောဆိုသည်။ ယင်းအား သင်မင်းသားအဖြစ် ပါဝင်နေသော ဇာတ်ကား- သင်၏ ရည်မှန်းချက် အတိအကျ ရရှိဆွတ်ခူးနိုင်မှုတို့ကို ပုံဖော်ချက်ဖြစ်စေရန် တိုက်တွန်း သည်။

ဝေါ့လ်ဒစ္စနီသည် ကျွန်တော်တို့အတွက် ကြီးကျယ်သောအရာများစွာ ထားရစ် ခဲ့သည်။ ယင်းတို့တွင် ဒစ္စနီလန်း၊ ဝေါ့လ်ဒစ္စနီကမ္ဘာ၊ ကာတွန်းရုပ်ရှင်ကြီးများစွာနှင့် အန်နက်ဖူနီဆယ်လိုတို့ ပါဝင်သည်။ သို့သော် သူ၏ အကောင်းဆုံးလက်ဆောင်သည် သူ၏တစ်သက်တာလုပ်ငန်းကို အနှစ်ချုပ် ဆိုညွှန်းချက်ပင်ဖြစ်သည်ဟု ကျွန်တော် ယုံကြည်မိသည်။ 'ခင်ဗျား စိတ်ကူးယဉ်အိပ်မက်မက်နိုင်ရင် ခင်ဗျားလုပ်နိုင်တယ်'ဟု သူဆိုခဲ့သည်။

အင်အားပြည့်ဝသော ပန်းတိုင်သည် နောက်ဆုံးအချိန်သတ်မှတ်ထားသော အိပ်မက်တစ်ခုပင်ဖြစ်သည်။ အချိန်ကန့်သတ်ချက်သည်ပင် သင့်ကို စေ့ဆော်ပေးသည်။ ရည်မှန်းချက်ပန်းတိုင်ထားရှိသောလူတို့သည် ဘဝကို အဓိပ္ပာယ်ရှိရှိ ရှင်သန်နေထိုင်စ ပြုလာသည်။ ဘဝတွင် သူတို့ဘာလုပ်နေမှန်း သူတို့သိကြသည်။

သင့်မှာ အမှန်တကယ် ရည်မှန်းချက်ကြီးမားပြီး အမှန်တကယ် စွမ်းအား ပြည့်ဝသော ပန်းတိုင်ရှိမှန်း သင်မည်သို့သိပါမည်နည်း။ သင့်အပေါ် သင်၏ပန်းတိုင် သက်ရောက်အားကိုသာ ကြည့်ပါ။ ပန်းတိုင်တစ်ခု ဘာဆိုသည်က အကြောင်း မဟုတ်ချေ။ ပန်းတိုင်တစ်ခု စွမ်းဆောင်မှုကသာ ပဓာနကျပါသည်။

Ref: Set specific goal by Steve Chandler

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃၀ တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ဒသမ ၃၅ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၃-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၆၁၈)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၃၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁.၃၅) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၀၆၅,၄၉၀)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၃၁,၁၅၅) ဦးရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂၃၀)ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၀၈,၉၂၆) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၃) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၂၇၇) ဦး ရှိပါသည်။

- ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုးဝင်ရောက်ဖြစ်ပွားမှုကြောင့် ကမ္ဘာတစ်ဝန်းတွင် (၃-၁-၂၀၂၂) ရက်နေ့၊ (၁၇:၀၀) နာရီအချိန်အထိ အတည်ပြုလူနာစုစုပေါင်း (၄၀၉,၄၀၁) ဦးရှိ၍ သေဆုံးသူ (၈၅) ဦး ရှိပြီဖြစ်ရာ ဥရောပ၊ မြောက်အမေရိက၊ တောင်အမေရိက၊ အာဖရိက၊ ဩစတြေးလျ၊ အရှေ့တောင်အာရှအပါအဝင် အာရှဒေသနိုင်ငံများ စသည့် ကမ္ဘာ့ဒေသအသီးသီးရှိ နိုင်ငံ/ဒေသပေါင်း (၁၃၂) ခုအထိ ကျယ်ပြန့်စွာ ပျံ့နှံ့ရောက်ရှိပြီးဖြစ်သည်ဟု သိရှိရပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့် ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာ ကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ အိုမီခရွန်ဗီဇပြောင်း ကိုဗစ်-၁၉ရောဂါပိုးနှင့် ပတ်သက်၍ မိဘပြည်သူများအနေဖြင့် အလွန်အမင်းစိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများ အနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန်ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၃-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၅၀၁) ခု | (၁၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၃၆) ခု | (၃) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၈) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၇) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၂၆) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၉၂) ခု | (၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆,၅၁၈) ခု | (၉၉) ဦး |
| စုစုပေါင်း | (၉,၆၁၈) ခု | (၁၃၀) ဦး |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၆၁၄၂၁၇၅ | ၄၁၅၄၃၀၆၀ | ၈၄၇၄၀၈ |
| ၂။ | အိန္ဒိယ | ၃၄၉၂၂၈၈၂ | ၃၄၂၉၅၄၀၇ | ၄၈၁၈၉၃ |
| ၃။ | ဘရာဇီး | ၂၂၂၉၃၂၂၈ | ၂၁၅၆၇၈၄၅ | ၆၁၉၁၇၁ |
| ၄။ | ဗြိတိန် | ၁၃၂၃၅၄၀၁ | ၁၀၄၁၀၂၇၃ | ၁၄၈၈၅၁ |
| ၅။ | ရုရှား | ၁၀၅၅၄၃၀၉ | ၉၅၄၈၀၇၆ | ၃၁၁၃၅၃ |
| ၆။ | ပြင်သစ် | ၁၀၂၅၀၃၅၈ | ၈၀၄၆၇၈၆ | ၁၂၃၉၄၂ |
| ၇။ | တူရကီ | ၉၅၅၂၈၀၁ | ၉၁၀၈၇၉၈ | ၈၂၆၃၅ |
| ၈။ | ဂျာမနီ | ၇၂၀၈၇၉၀ | ၆၄၇၈၆၀၀ | ၁၁၂၈၇၈ |
| ၉။ | အီတလီ | ၆၃၂၈၀၇၆ | ၅၁၁၉၈၉၃ | ၁၃၇၆၄၆ |
| ၁၀။ | စပိန် | ၆၂၉၄၇၄၅ | ၅၀၅၆၉၅၅ | ၈၉၄၀၅ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၆၃၄၃၃ | ၄၁၁၄၈၀၁ | ၁၄၄၁၀၂ |
| ၂။ | ဖိလစ်ပိုင် | ၂၈၅၅၈၁၉ | ၂၇၇၉၂၄၁ | ၅၁၅၈၆ |
| ၃။ | မလေးရှား | ၂၇၆၄၃၅၄ | ၂၆၉၂၂၁၆ | ၃၁၅၃၂ |
| ၄။ | ထိုင်း | ၂၂၃၂၄၈၅ | ၂၁၇၇၆၃၃ | ၂၁၇၃၈ |
| ၅။ | ဗီယက်နမ် | ၁၇၇၈၉၇၆ | ၁၃၉၇၁၅၇ | ၃၃၀၂၁ |
| ၆။ | မြန်မာ | ၅၃၁၁၅၅ | ၅၀၈၉၂၆ | ၁၉၂၇၇ |
| ၇။ | စင်ကာပူ | ၂၈၀၂၉၀ | ၂၇၆၂၇၉ | ၈၂၉ |
| ၈။ | ကမ္ဘောဒီးယား | ၁၂၀၅၁၆ | ၁၁၆၉၅၂ | ၃၀၁၄ |
| ၉။ | လာအို | ၁၁၃၄၃၂ | ၁၀၃၈၃၃ | ၃၉၁ |
| ၁၀။ | ဘရူနိုင်း | ၁၅၅၀၆ | ၁၅၃၁၇ | ၉၈ |

## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြဝတီကုန်သွယ်ရေးဇုန်မှ ကုမ္ပဏီ တစ်ခု၊ ယာဉ်စီးရေ တစ်စီးဖြင့် အောက်ဆီဂျင် (အရည်) Bowser ယာဉ်တစ်စီးဖြင့် တန် ၂၀ တို့ကို တင်သွင်းခဲ့ကြောင်း သိရသည်။ အောက်ဆီဂျင် (အရည်) Bowser ယာဉ် တစ်စီးမှာ မြဝတီကုန်သွယ်ရေးဇုန်မှ ရန်ကုန်မြို့သို့ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။




သတင်းစဉ်

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

[ ၇ ]

ဆောင်းရက်တို့ ကုန်ကျွမ်း၍ တစ်နွေဆန်းခဲ့ပြီဆိုလေသည့်တိုင် မေမြို့၏ညမှာ ချမ်းချမ်းမြမြရှိလှသည်။ အပင်တို့ ရွက်ဟောင်းကို ခြွေခဲ့ကြပြီး ရွက်သစ်ကား ဝေမလာသေး။ ကိုက်ငုံစ ပုရစ်ဖူး မြရွက်သစ်ကလေးများမှတစ်ပါး အများအားဖြင့် ရိုးတံပြိုင်းပြိုင်း ဖြစ်နေသည်။ နှင်းအလွှာရုံသည် ရိုးတံများအကြားတွင် ဝေ့လည်နေဆဲ ဖြစ်သည်။

လေရူးသည် ဟိုမှသည်မှ ဝှေ့ယမ်းတိုက်ခတ်လာတတ်သည်။ ထိုအခါ ရွက်ကျင်ရွက်ဝါများသည် ကတ္တရာလမ်းများပေါ်၌ လိမ့်လူးလွင့်ပါးသွားတတ်သည်။

လပြည့်ဝန်းသည် ရွှန်းရွှန်းမြမြရှိလှသော အဆင်းအရောင်ဖြင့် ညကိုသာတောင့်သာယာရှိအောင် တန်ဆာဆင်ထားသည်။ အရာအားလုံးပေါ် ငွေရည်ဆမ်းထားသည့်နှယ် ယိုဖိတ်ကျဆင်းနေသည်။

ကန်တော်ကြီး ရေအပြင်ပေါ်သို့ လရောင် ကျရောက်လာသည်။ လေရူးက မျက်နှာပြင်ကို ပုတ်ခတ်ကစားသည်။ ထိုအခါ ငွေလှိုင်းတွန့်ကလေးများ တလွန့်လွန့် ပြေးသွားတတ်သည်။

နွေညတွင် မေမြို့၏ အလှမှာ ကြည်နူးဆွတ်ပျံ့ဖွယ် ကောင်းလှလေသည်။ ယခင်ကဆိုလျှင် ချမ်းအေးလွန်း၍ ညအခါ စောစောအိပ်ဖြစ်သည်။ ထိုစဉ်က နှင်းမှုန်များအကြားမှအလှကို လူတို့ ရှာဖွေမတွေ့ခဲ့။ ယခုမူ ရာသီဥတုကလည်း မျှတသည်။ ညကလည်း လှပနေသည်။ သည်တွင် လူတို့ ည၏အလှကို ပြည့်ပြည့်ဝဝ ခံစားရကောင်းမှန်းသိလာသည်။ လမ်းတကာတို့တွင်ပင် ကလေးငယ်များ၏ ပြေးလွှားဆော့ကစားသံ ညီစီသည်။ လမ်းလျှောက်သူများကို နေရာအနှံ့အပြားမှာ တွေ့ရသည်။

ဗြိတိသျှတို့သည် မေမြို့ကို ၎င်းတို့စိတ်ကြိုက် သာယာချမ်းမြေ့ဖွယ်ဖြစ်အောင် ထူထောင်ထားသည်။ အပန်းဖြေ၊ အနားယူရာ မြို့တစ်မြို့အဖြစ်သို့ ရောက်ရှိစေခဲ့သည်။ မေမြို့မှာ မျက်နှာဖြူမြို့တစ်မြို့ဟု ဆိုရလောက်အောင် သူတို့တစ်တွေကို အနှံ့အပြားမှာ တွေ့ရတတ်သည်။ နေရာတကာမှာ သူတို့သာ ကြီးစိုးမင်းမူသည်။ အရက်မူးမူးနှင့် ကားပေါ်မှ သီချင်းအော်ဟစ်သီဆိုသွားသောစစ်သားများ၊ ရထားလုံးပေါ်မှာ မိန်းမပျက်များနှင့် ကလူကျီစယ်သွားသူများကို မြင်တွေ့နေကြရသည်။

သည်ရက်များအတွင်း သည်သို့သော ဆူညံကျယ်လောင်သည့် အသံဗလံများကို ထိုးဖောက်လျက် ပေါ်ထွက်လာတတ်သော လူတစ်သိုက်၏အသံကို ရက်ဆက်ဆိုသလို အမှတ်ထင်ထင် ကြားကြရသည်။

ရုံခါတွင် သူတို့၏အသံသည် ဟိုတယ်များ၊ ပျော်ပွဲစားရုံများအတွင်းမှ ပေါ်ထွက်လာတတ်သည်။ ရုံခါတွင်မူ လမ်းများပေါ်၌ ကြားရတတ်လေသည်။

ယခင်က သည်အသံမျိုးကို မကြားရစဖူး ဖြစ်ချေသည်။ ယခုတလောတွင်မူ ပေါ်ထွက်လာခြင်း ဖြစ်သည်။ အများအားဖြင့် ညဥ့်နက်သန်းခေါင်မှာ အိပ်ရာမှ လန့်နိုးရလောက်အောင် ဆူညံစွာ ပေါ်ထွက်လာတတ်သည်။ ထို့ကြောင့် သတိထားမိခြင်း ဖြစ်သည်။ ပြီးလျှင် သူတို့သည် သီချင်းတစ်ပုဒ်တည်းကိုသာ ဆိုတတ်လေ့ရှိ၍ အမှတ်ထားမိခြင်းဖြစ်သည်။

သူတို့ဆိုတတ်လေ့ရှိသည့် သီချင်းမှာ "ဂေါ့ဆေ့ဖ်သည်ကင်း" အဓိပ္ပာယ်မှာ "ဘုရင်မင်းမြတ်အား ဘုရားသခင် စောင်မပါစေ"။

သူတို့သည် ယင်းသီချင်းကို အလေးအနက်သီဆိုခြင်း မဟုတ်။ ဌာန်ကရိုဏ်း ကျကျသီဆိုခြင်း မဟုတ်။ အရက်သံပါပါနှင့်မရေမရာသီဆိုတတ်ကြခြင်းဖြစ်သည်။ အစိုးရအမှုထမ်း၊ အရာထမ်းများ၊ ဘိုစိတ်ပေါက်နေသူများ၊ ဗြိတိသျှလူမျိုးများမှာ ထိုအသံအတွက် စိတ်ပျက်လက်ပျက်ဖြစ်ကြရသည်။ အချို့ကမူ တိတ်တဆိတ် ကျိတ်၍ ပြုံးမိကြလေသည်။ စင်စစ် သီချင်းနှင့် အချိန်ကာလတို့က အပ်စပ်နေသောကြောင့် ဖြစ်သည်။ အင်္ဂလန်ပြည့်ရှင် ဂျော့ဘုရင်မင်းမြတ်မှာ စစ်ကြောင့် ဘုရားတနေရသောကာလဖြစ်သည်။

ယင်းသီချင်းဆိုတတ်ကြသည့် အုပ်စုကို အချို့လူတို့ တွေ့ဖူးကြသည်။ သူတို့ကား မြန်မာလူမျိုးတစ်သိုက်ဖြစ်သည်။ လူငယ်လူရွယ်တွေချည်းဖြစ်ကြသည်။ သည်မြို့သားလည်း ဟုတ်ဟန်မတူ။ ဆောင်းအကုန်နွေအကူးတွင်မှ ရောက်လာကြသူများ ဖြစ်လေသည်။ လူရှုပ် လူနောက်ကလေးများဖြစ်သည်ဟု အချို့က ပြောကြသည်။ အချို့ကမူ မိကောင်းဖခင်သားသမီးတွေပါဟု ဆိုကြသည်။

သူတို့အုပ်စုကို အချို့က ဘုရားမကြိုက်သောအုပ်စုဟု ပြောကြသည်။ ဗြိတိသျှစစ်သားတွေထက်ပင် ရမ်းကားတတ်သည်ဆိုသူများလည်းရှိသည်။ တလောကပင် သူတို့သည် ဟိုတယ်တစ်ခုမှာ ဆူကြပူကြ၊ သောင်းကျန်းကြသေးသည်။ ပုလင်းများ၊ ဖန်ခွက်များကို ရိုက်ခွဲသွားကြသည်။ ကုလားထိုင်များ၊ စားပွဲများကို ချိုးသွားကြသည်။ စစ်သားအချို့နှင့် ထိုးကြ ကြိတ်ကြသေးသည်။

သူတို့တွင် ကျောထောက်နောက်ခံရှိပုံရသည်။ အရာရှိအရာခံ တစ်ဦးဦး၏ အကာအကွယ်ဖြင့် မိုက်မဲနေသည်ဟု ယူဆကြသည်။

သူတို့ကား မောင်မောင်ဦးတို့ အုပ်စုတည်း။

မောင်မောင်ဦးတို့လူသိုက်သည် အစသော်မန္တလေး၌ လူစုမိကြသည်။ ထိုနေရာတွင် ဆောင်းခိုလျက် သောင်းကျန်းကြသည်။ ထန်းတောတကာသို့ သူတို့ရောက်သည်။ သောက်ဟယ်၊ စားဟယ်၊ မူးဟယ်၊ ရမ်းဟယ်နှင့် မန္တလေးတစ်ဝိုက်တွင် အားရလောက်သောအခါကျမှ မေမြို့သို့ ရောက်လာသည်။

စိန်ပေါလ်ကျောင်းမှ သူငယ်ချင်းတစ်သိုက်ပင်ဖြစ်သည်။ မန္တလေးသား ဂျော့ကိုအကြောင်းပြု၍ ရောက်လာကြသည်။ မောင်မောင်ဦး၊ ပက်ထရစ်၊ စောဝင်းဆွေ၊ ဂျော့နှင့် မန္တလေးမှ လူဆိုးကလေးတစ်သိုက်တွဲကာ မေမြို့သို့ တက်လာကြခြင်းဖြစ်သည်။

မောင်မောင်ဦးကို စောဝင်းဆွေက "ပစ္စုပ္ပန်သမား"ဟု ကင်ပွန်းတပ်သည်။ မောင်မောင်ဦးမှာ စောဝင်းဆွေ၏ သညာကိုပင် နှစ်ခြိုက်သဘောကျရလေတော့မလားဟု သူ့ကိုယ်သူ ထင်နေသည်။

"ပစ္စုပ္ပန်သမားတွေဆိုပြီး ပါဋ္ဌိပါဒ်သားတွေ ဘာတွေနဲ့ ပြောမနေစမ်းပါနဲ့ ငါ့လူရာ၊ ဒီကောင့်ကို ခြေကျရာ ပျော်တဲ့ကြက်လို့ ရိုးရိုးဆိုစမ်းပါ" ဟု ပက်ထရစ်က အနက်ဖွင့်သည်။

စင်စစ်တွင်လည်း မောင်မောင်ဦးမှာ သူတို့ပြောသလိုသာ ဖြစ်သည်။ ရောက်ရာနေရာမှာ သူ့အဖို့ ပျော်စရာရှာနေရသည်။ အတိတ်ကိုလည်း မတွေးရဲ၊ အနာဂတ်ကိုလည်း မမျှော်ရဲ။ သူ့အတွက် ပစ္စုပ္ပန်သည်သာလျှင် ကိုးကွယ်ရာ၊ ပစ္စုပ္ပန်သည်သာ အရှင်သခင်ဖြစ်နေသည်။ သူသည် မရေရာသော၊ အတည်တကျမရှိသော လူတစ်ယောက်အဖြစ်သို့ ရောက်ရှိနေရသည်။

သူ၏အတိတ်သည် လှပခြင်းမရှိဟု မောင်မောင်ဦး ထင်သည်။

ယခင်ကအရာများကိုထား။ ဖေဖေနှင့်ပတ်သက်၍ ဖြစ်ပျက်ရလေသော အဖြစ်အပျက် တစ်ခုတည်းနှင့်ပင် ယင်းသို့ ကောက်ချက်ချ၍ ရနိုင်သည်။ ယင်းအဖြစ်ကြောင့်ပင် သူ ရေနံချောင်းမှ ခွာခဲ့ရသည်။ ယင်းအဖြစ်ကြောင့်ပင် ပစ္စုပ္ပန်သမားဘဝသို့ ရောက်ရသည်။

ရေနံချောင်းမှ ထွက်ခွာရန်အတွက် ဖန်တီးလာသောအဖြစ်ကို သည်တစ်သက် မေ့နိုင်တော့မည်မဟုတ်။ မေ့၍ရတော့မည် မထင်။

ခင်သန်းနွဲ့နှင့်ပတ်သက်၍ ဖေဖေနှင့် ဖြစ်ရပျက်ရလေသော အဖြစ်အပျက်များကို သူ ရဲရဲပင် မတွေးဝံ့။ ဖြစ်နိုင်မည်ဆိုလျှင် ယင်းအဖြစ်ကို မေ့ပျောက်ထားလိုက်ချင်သည်။

ထိုညက သူရှိနေရာအိမ်သို့ လူတစ်ယောက်ရောက်လာသည်။ အနှောင့်အယှက်ပေးရကောင်းလား ထင်ကာ လက်ရိုက်တံဖြင့် ရိုက်ချလိုက်သည်။ ထိုသူ လဲကျသွားသည်။ ခေါင်းမှ သွေးထွက်လာသည်။ ခင်သန်းနွဲ့၏ ကြောက်လန့်တကြား ဆိုစကားကြောင့် လဲကျနေသူကို ပွေ့ယူလိုက်သည်၌ ဖေဖေ့မျက်နှာကို မြင်လိုက်ရသည်။ သူ့အတွက် ကမ္ဘာကြီးတစ်ခုလုံး ကျွမ်းထိုးမှောက်ခုံဖြစ်သွားသည်။

ဖေဖေသည် တော်တော်နှင့် သတိပြန်လည်မလာ။ အသက်မသေသေးကြောင်းကား ထင်ရှားသည်။

ရုတ်တရက်တွင် သူဘာလုပ်ရမည်မသိ။ ငူငူကြီး ထိုင်နေမိသည်။ အိမ်နီးနားချင်းများ၏အသံကို ကြားရလေမှ သူ သတိရလာသည်။

မိန်းမပျက်တစ်ယောက်၏အိမ်တွင် သားအဖနှစ်ယောက် ဆုံရသည်ဟူသော အဖြစ်မှာ အရပ်ရပ်နေပြည်တော်ကြား၍မှ မလျော်သောအဖြစ်။ မဖြစ်ကောင်းသော အဖြစ်၊ မဖြစ်ထိုက်သောအဖြစ်။


သူသည် သူ၏ဖခင်ကိုလည်း အထင်သေးသွားသည်။ ဖခင်အစား ရှက်လာသည်။ မည်သည့်နည်းနှင့်မျှ ဖခင်နှင့် မျက်နှာချင်း မဆိုင်လို။ အကယ်၍ သတိပြန်လည်လာလျှင်လည်း ပြဿနာကို မည်သို့ရှင်းရမည်မသိ။ မိန်းမပျက်တစ်ယောက်နှင့် စပ်လျဉ်း၍ ပြဿနာဖြေရှင်းရသည့် အဖြစ်ကိုလည်း မဖြစ်စေလို။ သို့ဖြင့် မောင်မောင်ဦးသည် ဖခင်ဖြစ်သူ၏ကိုယ်ကို လွှတ်ချလိုက်သည်။ ထိုင်ရာမှထကာ အိမ်ပေါ်မှ ဆင်းခဲ့သည်။ အဖြစ်အပျက်အလုံးစုံကို မသိကြသေး၍ ဝိုင်းနေသောလူစုသည် သူ့ကို တားရကောင်းမှန်း မသိကြ။ အလွယ်တကူ ထွက်လာ၍ရသည်။

**ဆက်လက်ဖော်ပြပါမည်။**

"ဆောင်းရက်တို့ကုန်ကျွမ်း၍ တစ်နွေဆန်းခဲ့ပြီဆိုလေသည့်တိုင် မေမြို့၏ညမှာ ချမ်းချမ်းမြမြရှိလှသည်။ အပင်တို့ ရွက်ဟောင်းကိုခြွေခဲ့ကြပြီး ရွက်သစ်ကား ဝေမလာသေး။ ကိုက်ငုံစ ပုရစ်ဖူး မြရွက်သစ်ကလေးများမှတစ်ပါး အများအားဖြင့် ရိုးတံပြိုင်းပြိုင်းဖြစ်နေသည်။ နှင်းအလွှာရုံသည် ရိုးတံများအကြားတွင် ဝေ့လည်နေဆဲ ဖြစ်သည်။ လေရူးသည် ဟိုမှသည်မှ ဝှေ့ယမ်း တိုက်ခတ်လာတတ်သည်။ ထိုအခါ ရွက်ကျင်ရွက်ဝါများသည် ကတ္တရာလမ်းများပေါ်၌ လိမ့်လူးလွင့်ပါးသွားတတ်သည်။ လပြည့်ဝန်းသည် ရွှန်းရွှန်းမြမြရှိလှသော အဆင်းအရောင်ဖြင့် ညကိုသာတောင့်သာယာရှိအောင် တန်ဆာဆင်ထားသည်။ အရာအားလုံးပေါ် ငွေရည်ဆမ်းထားသည့်နှယ် ယိုဖိတ်ကျဆင်း . . ."

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ဗောဓိယမုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်မှုတော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ကြရန်ဖိတ်ခေါ်ခြင်း






# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၃

၂၀၂၂ ခုနှစ်၊ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီတွင် နေပြည်တော် မြို့တော်ခန်းမရှေ့ရင်ပြင်တွင် ကျင်းပမည်ဖြစ်သည်။

ယင်းအခမ်းအနား ကျင်းပပုံများကို နံနက် ၆ နာရီ မိနစ် ၄၀ မှစတင်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV)၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း(NRC)၊ MITV၊ မြဝတီရုပ်မြင်သံကြား(MWD)၊ MWD Variety၊ Channel 7၊ Channel 9၊ 5 Plus၊ Skynet (တိုင်းရင်းသားအစီအစဉ်)နှင့် မြန်မာ့အသံရေဒီယို၊ ပတ္တမြား FM၊ ချယ်ရီ FM၊ မန္တလေး FM၊ ပဉ္စဝတီ FM၊ ရွှေ FM တို့မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ပြီး MRTV Facebook Page မှလည်း Live Streaming ထုတ်လွှင့်သွားမည်ဖြစ်သည်။ သတင်းစဉ်



## ကယားပြည်နယ်ရှိ KNPP နှင့် PDF အမည်ခံအကြမ်းဖက်ပူးပေါင်းအဖွဲ့က ရှားတောမြို့နယ် ရှားတော-လွိုင်ကော်သွား ကားလမ်းပေါ်ရှိ သံကူကွန်ကရစ်တံတားတစ်စင်း မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

နေပြည်တော် ဇန်နဝါရီ ၃

ကယားပြည်နယ်ရှိ KNPP နှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့က ရှားတောမြို့နယ် ရှားတော-လွိုင်ကော်သွား ကားလမ်းပေါ်ရှိ သံကူကွန်ကရစ်တံတား တစ်စင်းအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီခွဲတွင် ရှားတောမြို့နယ် ရှားတော-လွိုင်ကော်သွားကားလမ်း မိုင်တိုင်အမှတ် ၃၉ ကီလိုမီတာ အနီးတွင် တည်ဆောက်ထားသည့် အရှည်ပေ ၆၀ ရှိ သံကူကွန်ကရစ်တံတားအား KNPPနှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် တံတားကြမ်းခင်းအလယ်၌ ရှစ်ပေ ပတ်လည်ခန့် ပွင့်ထွက်ပျက်စီးခဲ့သည်။

ထိုကဲ့သို့ အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့မှုကြောင့် တံတားပျက်စီးကာ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာ၍ မရကြောင်းနှင့် အဆိုပါ တံတားကို အမြန်ဆုံး ပြန်လည်ပြုပြင်နိုင်ရေး တာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်

## ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာအမျိုးသမီးအသင်း အာရှဖလားပြိုင်ပွဲအပြီးတွင် ဆက်လက်ပြင်ဆင်မည်

ရန်ကုန် ဇန်နဝါရီ ၃

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ၂၀၂၂ ခုနှစ် မေလတွင် ကျင်းပမည့် (၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် အာရှဖလားပြိုင်ပွဲအပြီးတွင် ဆက်လက်ပြင်ဆင်သွားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် လက်ရှိတွင် အာရှဖလား အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့်အတွက် စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ○



## ဂီတာဖေးအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် လာလီဂါဇယားထိပ်မှာ ၁၁ မှတ်ဖြတ် ဦးဆောင်နိုင်မယ့်အခွင့်အရေး ရီးယဲလ်မက်ဒရစ် လွဲခဲ့ရ

ရီးယဲလ်မက်ဒရစ်အသင်းဟာ စပိန်လာလီဂါပွဲစဉ်(၂၀)အဖြစ် ဇန်နဝါရီ ၂ ရက် ညပိုင်းက ဂီတာဖေးအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂီတာဖေးအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် စပိန်လာလီဂါအမှတ်ပေးဇယားထိပ်မှာ ၁၁ မှတ် ဖြတ်ဦးဆောင်နိုင်မယ့်အခွင့်အရေး တစ်ရပ်နဲ့ လွဲခဲ့ရပါတယ်။

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ❐

## ယနေ့ဖတ်စရာ


**နှစ်သစ်တွင် မြန်မာပြည်ကြီး ငြိမ်းချမ်းပါစေ**

ဆောင်းပါး စာမျက်နှာ » ၁၅

**ရေဦးမြို့နယ် ပလူဇာဝတိုက်နယ်ဆေးရုံမှ ရေဦးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်မည့်ဆေးဝါးများ သယ်ဆောင်လာသည့် လူနာတင်ယာဉ် နှစ်စီးကို PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်သဖြင့် လူနာတင်ယာဉ်တစ်စီး ပျက်စီးကာ ကျန်းမာရေးဝန်ထမ်း နှစ်ဦး ထိခိုက်ဒဏ်ရာရ**

စာမျက်နှာ » ၁၆

**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃၀ တွေ့ရှိ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ဒသမ ၃၅ ရာခိုင်နှုန်းရှိ**

စာမျက်နှာ » ၂၂